# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ခုနှစ် ၊ ဝါဆိုလဆန်း (၁၂) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (17-7-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၇၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၄ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပ



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၄ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက

စာမျက်နှာ ၁၆ ကော်လံ ၁ ☞




ရတနာပုံ
၂၀၂၄ ခုနှစ် ဇူလိုင် ၁၇ ရက်
အယ်ဒီတာ့အာဘော်

# အသိပညာတိုးပွားဖို့ စာအုပ်စာပေဖတ်ရှုစို့

ယနေ့ခေတ်တွင် ကလေး၊ လူငယ်၊ လူရွယ်၊ လူကြီး အတော်များများသည် အင်တာနက်မှ လူမှုကွန်ရက်နှင့် ဖျော်ဖြေရေးမီဒီယာမျိုးစုံကို စမတ်ဖုန်းများ အသုံးပြု၍ အချိန်ကုန်ဆုံးနေလေ့ရှိရာ စာအုပ်စာပေဖတ်ရှုမှု နည်းပါးလာကြသည်။ ပုံနှိပ်မီဒီယာခေတ်ကိုကျော်လွန်ပြီး အိုင်တီခေတ်ရောက်နေသည့်အတွက် စာအုပ်၊စာပေများ မလိုအပ်တော့ဟု ထင်ကောင်းထင်နိုင်သော်လည်း လက်တွေ့တွင် ပုံနှိပ်မီဒီယာနှင့် မကင်းနိုင်ကြသေးပေ။ နည်းပညာနှင့်လျှပ်စစ်စွမ်းအား လိုအပ်ချက်များကြောင့် နေရာအနှံ့ပျံ့နှံ့နိုင်သည့် စာအုပ်စာပေများကို လက်လွှတ်၍မရသေးဘဲ အားကိုးနေကြရဆဲဖြစ်သည်။

စာဖတ်အားနည်းပါက အသိပညာ၊ ဗဟုသုတလည်း နည်းမည်ဖြစ်သည်။ အသိပညာ၊ ဗဟုသုတနည်းပါက ဘဝတိုးတက်မှုလည်း အားနည်းမည်ဖြစ်သည်။ ဘဝတိုးတက်မှုမရှိကြသူများသည် အရာရာတွင် တစ်ပါးသူကို အောက်ကျို့နေကြရမည်ဖြစ်ပေသည်။ ဘဝတိုးတက်မှုနည်းသောသူများ များစွာနေထိုင်သည့်နိုင်ငံသည်လည်း တိုးတက်မှု နောက်ကျမည်သာဖြစ်သည်။ စာဖတ်ပျင်းသည့်အခါတွင် တစ်ဦးချင်းဘဝ တိုးတက်မှုမရှိနိုင်သကဲ့သို့ နိုင်ငံနှင့်လူမျိုးကိုပါ ထိခိုက်နိုင်သည့်အတွက် စာဖတ်ကြရေးသည် အလွန်အရေးကြီးသည်။

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က **“ကျေးလက်နေပြည်သူများအပါအဝင် ပြည်သူတစ်ရပ်လုံး စာတတ်မြောက်ရေးအတွက် စာမတတ်သူပပျောက်ရေးစီမံချက် ရေးဆွဲအကောင်အထည်ဖော်ပြီး စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်ဝိုင်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးခြင်းအားဖြင့် စာမတတ်သူပပျောက်ရေးမှသည် စာမဖတ်သူပပျောက်ရေးအထိ တိုးချဲ့ဆောင်ရွက်သွားကြရန်လည်း မှာကြားလိုကြောင်း”** စသည်ဖြင့် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံသူ၊ နိုင်ငံသားများ အသိပညာဗဟုသုတတိုးပွားစေရန် စာဖတ်ကြရေးတွင် စာအုပ်စာစောင်များ လက်လှမ်းမီ၍ အလွယ်တကူဖတ်ရှုလေ့လာနိုင်ရေးက ပဓာနကျပေသည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတစ်ဝန်းတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းပေးလျက်ရှိသည်။ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် လူကြီးလူငယ်များ အလွယ်တကူစာပေဖတ်ရှုလေ့လာနိုင်ခြင်း၊ စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတတိုးပွားလာခြင်း၊ အမှန်နှင့်အမှားကို ဝေဖန်ပိုင်းခြားနိုင်ခြင်း၊ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေခြင်း၊ ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်စေခြင်း၊ နိုင်ငံတော်ကို အကျိုးပြုမည့် သားကောင်း၊သမီးကောင်းရတနာများ ပေါ်ထွန်းလာစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတစ်ဝန်း စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည့်အပြင် သက်ဆိုင်ရာတာဝန်ရှိသူများကလည်း နိုင်ငံပိုင်စာကြည့်တိုက်များအပါအဝင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များတွင် စာဖတ်သူများ နိုးကြားတက်ကြွစွာ ပါဝင်လာရေး ဝိုင်းဝန်းဆောင်ရွက်ကြခြင်းဖြင့် အသိပညာဗဟုသုတကြွယ်ဝသည့် နိုင်ငံသူနိုင်ငံသားများ ပေါ်ကြွယ်ဝခြင်းက နိုင်ငံကို ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင် မြို့နေပြည်သူလူထုထံ သောက်သုံးရေ ဖြန့်ဖြူးပေးနေမှုအခြေအနေ ကွင်းဆင်းစစ်ဆေး



**မန္တလေး ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများလိုက်ပါပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှတာဝန်ယူ၍ ရေအရင်းအမြစ်မျိုးစုံမှ ရေများရယူကာ သန့်စင်ပြီးရေများကို ရေသိုလှောင်ကန်သို့ပို့ဆောင်၍ ရေတွန်းစက်ရုံရှိရေတွန်းစက်များဖြင့် ရေဖြန့်ဖြူးရေးကွန်ရက်အတွင်းသို့ တွန်းလွှတ်ကာ စည်ပင်မှရေယူထားသောရေသွယ်များမှတစ်ဆင့် ရေအသုံးပြုသူများထံ နေ့စဉ်ရေဖြန့်ဖြူးပေးဝေနေသည့် ရေတွန်းစက်ရုံများသို့ ဇူလိုင် ၁၅ ရက် မွန်းလွဲပိုင်းက သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဧရာဝတီမြစ်ရေကို စုပ်တင်သည့်ရေယူနေရာသို့လည်းကောင်း၊ အမှတ်(၁၂)ရေတွန်းစက်ရုံသို့လည်းကောင်း၊ အမှတ်(၄)ရေတွန်းစက်ရုံသို့လည်းကောင်း၊ အမှတ်(၃) ရေတွန်းစက်ရုံသို့လည်းကောင်း၊ ထိုမှတစ်ဆင့် ဒုဋ္ဌဝတီမြစ်ရေကိုစုပ်တင်သည့် ရေယူနေရာသို့လည်းကောင်း သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါနေရာများသို့ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်အား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူး ဦးထွန်းဝင်းက မြေအောက်ရေ၊ ဧရာဝတီမြစ်ရေ၊ ဆည်တော်ကြီးရေ၊ ဒုဋ္ဌဝတီမြစ်ရေ စသည်ဖြင့် ရေအရင်းအမြစ်မျိုးစုံမှ ရေများရယူ၍ မြို့နေလူထုသောက်သုံးရေအတွက် နေ့စဉ်ရေဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ၂၀၂၀ ခုနှစ်မှစ၍ ဒုဋ္ဌဝတီမြစ်ရေတင်လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ရာ ရေယူအဆောက်အအုံ၊ ဂါလန်လေးသန်းဆံ့ ရေသိုလှောင်ကန်၊ ၄၀၀ မမ ရေပို့ပိုက်လိုင်း ၅၀၀၀ မီတာခန့် ချထားဆောင်ရွက်ပြီးဖြစ်၍ မကြာမီ မြို့၏အရှေ့တောင်ဘက်ခြမ်းသို့ ရေဖြန့်ဖြူးပေးဝေနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြသခဲ့သည်။

ထိုသို့ ရှင်းလင်းပြသမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူ၍ မြို့နေပြည်သူလူထုထံ သောက်သုံးရေဖြန့်ဖြူးပေးလျက်ရှိရာ ရေအရင်းအမြစ်မျိုးစုံမှ ရေရယူဖြန့်ဖြူးပေးနေခြင်းဖြစ်၍ အကြောင်းတစ်ခုခုကြောင့် ရေအရင်းအမြစ်တစ်ခုခုမှ လျော့နည်းသွားပါက အခြားသောရေအရင်းအမြစ်များမှရေကို နည်းမျိုးစုံအသုံးပြု၍ရေရယူပြီး မြို့နေပြည်သူလူထုထံ ရေဖြန့်ဖြူးပေးနိုင်ရေး ကြိုတင်စဉ်းစားစီမံဆောင်ရွက်ထားရှိရန်မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မျိုးကျော်**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ထိုင်းဘောကျား စပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ထိုင်းဘောကျား စပါးအမျိုးအစား တင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ထိုင်းဘောကျား စပါးအမျိုးအစားတင်းရေ ၅၄၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ထိုင်းဘောကျား စပါးအမျိုးအစားတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ဇွန်လအတွင်းက ထိုင်းဘောကျား စပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘောကျားအမျိုးအစားက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်တယ်။ ထိုင်းဘောကျားစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့ တင်ပို့မှု ကောင်းခဲ့တာဖြစ်ပါတယ်” ဟု ဒေါ်မိုးသူဇာက ဆက်လက်ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘောကျား စပါးအမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၈၅၀၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်တင်၊ ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်ရရှိလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲဇီးကွက် အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဇူလိုင် ၁၆**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲဇီးကွက် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခင်က ပဲဇီးကွက်ကိုကုန်သည်များက ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ် အေးခဲ့ကြောင်း၊ လက်ရှိတွင် ပဲဇီးကွက်ကို တရုတ်နိုင်ငံဘက်က ပြန်လည်ဝယ်ယူမှုများရှိလာကြောင်း၊ ထို့ပြင် ပြည်တွင်း၌လည်း ပဲဇီးကွက်များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

“လက်ရှိအချိန်မှာ ပဲဇီးကွက်တွေကို တရုတ်နိုင်ငံအပြင် အိန္ဒိယနိုင်ငံကပါ ပြန်ပြီးဝယ်ယူမှုတွေရှိလာတယ်။ ပြည်တွင်းကလဲ ဝယ်ယူမှုများပြားလာတာကြောင့် ပဲဇီးကွက်က အရင်ကထက် အရောင်းအဝယ်ကောင်းမွန်နေပါတယ်”ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ပဲဇီးကွက်သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

“ပဲဇီးကွက်က မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းမွန်တဲ့အမျိုးအစားတွေထဲက တစ်မျိုးအပါအဝင်ဖြစ်ပါတယ်။ အခုမန္တလေးဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ထဲမှာပါ ပဲဇီးကွက် အရောင်းအဝယ်ပြန်ပြီး ကောင်းမွန်နေပါတယ်”ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းလှမြို့နယ် တောင်ဦးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**မင်းလှ ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေနှင့် ပြည်သူလူထုလုပ်အားတို့ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ တောင်ဦးကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာပြည့်မီရေးအတွက် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

မင်းလှမြို့နယ် တောင်ဦးကျေးရွာ၌ လမ်းအရှည် ၄၈၅ ပေ၊ အကျယ် ၁၅ ပေ၊ အမြင့် ခြောက်လက်မရှိသော ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေကျပ် ၁၅ သန်း၊ ပြည်သူလူထုလုပ်အားတို့ဖြင့် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်မှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဇွန် ၂၄ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံးရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက တောင်ဦးကျေးရွာရှိ အိမ်ခြေ ၆၄၅ အိမ်မှ လူဦးရေ ၇၅၈ ဦးတို့၏ သွားလာရေး လွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

**ရှိုလေး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်နေ ဦးထွန်းအောင်ကျော်မိသားစုက ဒေါ်အေးလှ၊ မသိင်္ဂီထွန်းတို့အားရည်စူး၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်း၊ ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ရွှေသောင်ယံကမ်းခြေသို့ ဇွန်လအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၁၇၅၄၆ ဦးထိ လာရောက်လည်ပတ်ခဲ့



**ပုသိမ် ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ဇွန်လအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၁၇၅၄၆ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေခရီးသွားလုပ်ငန်းခရီးသွား တာဝန်ခံဒေါ်ချယ်ရီမြင့်က ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရီးသွားဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပုသိမ်မြို့နယ် ရွှေသောင်မြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ဇွန် ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၁၇၅၄၆ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ရွှေသောင်ယံကမ်းခြေကို ပြီးခဲ့တဲ့ ဇွန်လထဲမှာ ခရီးသွားဧည့်သည် ၁၇၅၄၆ ဦးထိ လာရောက်လည်ပတ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ဇွန်လအတွင်း ရွှေသောင်ယံကမ်းခြေကိုလာတဲ့ ခရီးသွားဧည့်သည်တွေထဲမှာ ပြည်တွင်းဧည့်သည်တွေအပြင် ပြည်ပခရီးသွားတွေပါလာခဲ့တာတွေ့ရတယ်။ ကမ်းခြေကိုလာတဲ့ဧည့်သည်တွေများတော့ ဟိုတယ်တွေနဲ့ တခြားခရီးသွားလုပ်ငန်းတွေပိုမို အဆင်ပြေလာပါတယ်"ဟု ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်း ခရီးသွားတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ရွှေသောင်ယံကမ်းခြေတွင် ရွှေသောင်ယံဟိုတယ်နှင့် Lai Lai ဟိုတယ်များ အပါအဝင် ဟိုတယ်နှင့် တည်းခိုရိပ်သာအလုံးရေ စုစုပေါင်းအလုံး ၂၀ ကျော်ဖြင့် ကမ်းခြေသို့ လာသည့်ခရီးသွားများကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ အဆိုပါကမ်းခြေတွင် ခရီးသွားဧည့်သည်များ စနစ်တကျအနားယူအပန်းဖြေနိုင်ရန် ဟိုတယ်လုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များကို စနစ်တကျ ပေါင်းစပ်ညှိနှိုင်းကာ ဆောင်ရွက်နေကြကြောင်း ရွှေသောင်ယံကမ်းခြေခရီးသွားလုပ်ငန်းခရီးသွားတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ရမည်းသင်းမြို့နယ် ဈေးကုန်းကြီးကျေးရွာ၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်

**ရမည်းသင်း ဇူလိုင် ၁၆**

ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားအငယ်စားစီးပွားရေးလုပ်ငန်းများပေါ်ထွန်းလာစေရေးအတွက် ရမည်းသင်းမြို့နယ် ထီးလှိုင်အုပ်စု ဈေးကုန်းကြီးကျေးရွာ၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို ဇူလိုင် ၁၅ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းက ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရန်နှင့် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ပြီး မိသားစုဝင်ငွေတိုးပွားကာ ကျေးရွာများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ သင်တန်းကိုဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်က သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၅ ဦး တက်ရောက်ပြီး သင်တန်းတွင် ဆပ်ပြာဆီအမျိုးမျိုး၊ ဆပ်ပြာခဲအမျိုးမျိုး၊ ခေါင်းလျှော်ရည်အမျိုးမျိုး စသည့် လူသုံးကုန် ထုတ်လုပ်နည်းပညာရပ်များကို သင်တန်းနည်းပြများက ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်ထိ အခမဲ့ ပို့ချသွားမည်ဖြစ်ကြောင်း ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

(၁၈၅)

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၆၇၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၆၇၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် မိုးသီးနှံစိုက် ပျိုးရာသီ၌ ဝါသီးနှံဧက ၄၇၂၆၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ စစ်ကိုင်းမြို့နယ်တွင် ၄၅၄၃ ဧက၊ မြင်းမူမြို့နယ်တွင် ၁၉၇၈ ဧက နှင့်မြောင်မြို့နယ်တွင် ၂၂၁ ဧက စုစုပေါင်း ၆၇၄၂ ဧကစိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ဝါသီးနှံဧက ၄၇၂၆၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၆၇၄၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဝါကြီး၊ မလှိုင်ဝါ၊ မိုးကြိုချည်မျှင်ရှည်ဝါ၊ မိုးချည်မျှင်ရှည်ဝါ၊ မိုးနှောင်း ချည်မျှင်ရှည်ဝါမျိုးတွေ စိုက်ပျိုးကြတယ်။ ဝါသီးနှံစိုက်ပျိုးမှုကတော့ ကောင်းမွန်ပါတယ်။ တစ်နှစ်နဲ့တစ်နှစ် မလျော့ကျပါဘူး။ လျာထားချက်ပြည့်မီအောင်တော့ စိုက်ပျိုးနိုင်ကြပါတယ်။ ဒီနှစ်ဆိုရင်လဲ ဝါသီးနှံတွေ တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၈၄၀၆ ဧက၊ မြင်းမူမြို့နယ်တွင် ၂၃၁၅၇ ဧကနှင့်မြောင်မြို့နယ်တွင် ၅၆၉၇ ဧက စုစုပေါင်း ဧက ၄၇၂၆၀ တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် စစ်ကိုင်းခရိုင်တွင် ဝါသီးနှံစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များရရှိစေရန်၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန်၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်စေရန်၊ အထွက်နှုန်းကောင်းမွန်စေရန် စိုက်နည်းစနစ်မှန်ကန်စေရန် ပညာပေးလုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



# သာယာဝတီမင်း၏ သမီးတော်ကျောင်း

မောင်သာ(ရှေးဟောင်းသုတေသန)



**ပျောက်ကွယ်ခဲ့သော တော်ဝင်ကျွန်းဘုန်းကြီးကျောင်းများစာအုပ်တွင် ဖော်ပြထားသည့် သမီးတော်ကျောင်းပုံကို တွေ့ရစဉ်။**

မြန်မာဘုရင်များ၏ တော်ဝင်ထီးနန်းဓလေ့တွင် ဘုရင်၏မိဖုရားများကို နန်းရမိဖုရား၊ မိဖုရားငယ်နှင့် ကိုယ်လုပ်တော်ဟု ယေဘုယျအားဖြင့် ခွဲခြားနိုင်သည်။ ၁၈ ရာစုနှောင်းပိုင်းတွင် ကုန်းဘောင်ဘုရင်များသည် မိဖုရားများအဖြစ် ဆောင်တော်မိဖုရားနှင့် ရွှေရေးဆောင်မိဖုရားတို့ကိုပါ ထည့်သွင်းခဲ့သည်။

ဘုရင်၏မိဖုရားများ ရာထူးစဉ်တွင် တောင်နန်းမိဖုရား သို့မဟုတ် နန်းမတော်မိဖုရားခေါင်ကြီးသည် အမြင့်ဆုံးဖြစ်၍ မိဖုရားများအနက် မိဖုရားခေါင်ကြီး တစ်ဦးတည်းသာ ဘုရင်နှင့်အတူ ထီးဖြူဆောင်း၍ ပလ္လင်ပေါ်တွင် ထိုင်ခွင့်ရှိသည်။ မိဖုရားခေါင်ကြီး နောက်တွင် မြောက်နန်းမိဖုရား၊ အလယ်နန်းမိဖုရားနှင့် အနောက်နန်းမိဖုရားတို့က ရာထူးစဉ်အလိုက် ရှိနေကြသည်။

ပုဂံခေတ်ဦးကာလတွင် မိဖုရားများကို တောင်ပြင်သည်၊ မြောက်ပြင်သည်၊ အလယ်ပြင်သည်ဟု ခေါ်တွင်ခဲ့ပြီး ပုဂံခေတ်တွင် မိဖုရားခေါင်ဟူသည့် အသုံးကို စတင်တွေ့ရှိရသည်။

ကုန်းဘောင်ခေတ် ဒသမမြောက်ဘုရင် မင်းတုန်းမင်း(၁၈၅၃-၁၈၇၈)နန်းတက်ချိန်တွင် ခမည်းတော် သာယာဝတီမင်းနှင့် မိဖုရားခေါင်ကြီးတို့၏ သမီးတော် သီရိပဝရတိလောကရတနာမင်္ဂလာဒေဝီကို မိဖုရားခေါင်ကြီးအဖြစ် ၁၈၅၃ ခုနှစ် မတ် ၂၇ ရက်တွင် တောင်နန်းသို့နန်းတင်ခဲ့သည်။ မိဖုရားခေါင်ကြီးသည် နောက်ပိုင်းတွင် စကြာဒေဝီဟု ထင်ရှားခဲ့သည်။

သာယာဝတီမင်း၏ သမီးတော် သီရိပဝရတိလောကရတနာမင်္ဂလာဒေဝီနှင့် မယ်တော် သီရိပဝရတိလောကမဟာရတနာပဒုမာဒေဝီ (သာယာဝတီမင်း၏ မိဖုရားခေါင်ကြီး)တို့သည် အမရပူရ မဟာဝိဇိတာရာမတိုက်အတွင်း၌ ဘုန်းကြီးကျောင်း တစ်ကျောင်းစီကို တည်ဆောက်လှူဒါန်းခဲ့ကြရာ မယ်တော်ကျောင်းနှင့် သမီးတော်ကျောင်းဟု ထင်ရှားခဲ့သည်။

**သာယာဝတီမင်း၏ မိဖုရားခေါင်ကြီးနှင့် သမီးတော်**

ကုန်းဘောင်ဆက် အဋ္ဌမမြောက်ဘုရင် သာယာဝတီမင်း(၁၈၃၇-၁၈၄၆)သည် အလောင်းမင်းတရားဦးအောင်ဇေယျ၏ မြေးတော်ဖြစ်သည်။ ခမည်းတော်မှာ ဗဒုံမင်းဖြစ်သည်။

သာယာဝတီမင်းသားသည် နောင်တော်စစ်ကိုင်းမင်းလက်ထက်တွင် နောင်တော်၏ မိဖုရားခေါင်ကြီး နန်းမတော်မယ်နုနှင့် စလင်းမြို့စားဦးအို မောင်နှမနှစ်ဦး၏ဩဇာလွှမ်းမိုးမှုကို ပယ်လှန်၍ ၁၈၃၇ ခုနှစ် ဧပြီ ၃၀ ရက်တွင် နောင်တော်ထံမှ ထီးနန်းကို လွှဲပြောင်းရယူခဲ့သည်။ သာယာဝတီမင်းသားသည် ဘုရင်ဖြစ်လာချိန်တွင် နောင်တော်စစ်ကိုင်းမင်းကို ခမည်းတော်ကဲ့သို့နှလုံးသွင်းလျက် မပြတ်ကြည့်ရှုပြုစုခဲ့သည်။

သာယာဝတီမင်းသည် ထီးနန်းကိုစတင်စိုးစံသည့် အချိန်မှစ၍ တိုင်းနိုင်ငံအတွင်း ငြိမ်ဝပ်ချမ်းသာစွာ ရောင်းဝယ်ဖောက်ကား နေထိုင်မြဲနေထိုင်ကြရမည်ဖြစ်ကြောင်း မြို့တွင်း၊ မြို့ပြင် စေ့စုံအောင် မောင်းခတ်ကြေညာစေခဲ့သည်။ ဝင်းတော်လေးမျက်နှာကို မြဲမြံလုံခြုံစေရန်စောင့်ကြပ်စေသည်။ မင်းညီမင်းသား၊ မှူးတော်၊ မတ်တော်များအားလုံးကို တစ်ယောက်မကျန် သစ္စာတော်ခံစေသည်။

သားတော် ပိုလ်မှူးသတိုးမင်းဖျားနှင့် ဘထွေးတော် မလွန်မင်းသားတို့ကို ရတနာပူရမြို့တော်တွင် လွှတ်တော်တက်၍ ပြည်တွင်းရေးရာများကိုစီစဉ်စေခဲ့သည်။

သာယာဝတီမင်းသည် မိဖုရားခေါင်ကြီးက ဖွားမြင်သည့် သီရိပဝရတိလောကရတနာမင်္ဂလာဒေဝီမင်းသမီးကို အပြစ်ဒဏ်အလျောက် သေဒဏ်ပေးခံရသူများကို အသက်ဘေးမှ ကင်းလွတ်ခွင့်ရှိသည့် အသက်ဒါနဆုကို ချီးမြှင့်ခဲ့သည်။ ထို့ကြောင့် နန်းမတော်မယ်နုနှင့် အပေါင်းအပါများပုန်ကန်မှုတွင် ပါဝင်ပတ်သက်ခဲ့သဖြင့် ထောင်အတွင်း၌ နှစ်နှစ်နေခဲ့ရသည့် မြဝတီမင်းကြီးဦးစသည် သာယာဝတီမင်း၏ အသက်ဒါနဆုရှင် သမီးတော်၏ အသနားခံမှုကြောင့် အသက်ချမ်းသာခွင့်ရရှိခဲ့သည်။

သာယာဝတီမင်းသည် မိဖုရားခေါင်ကြီးနှင့် သားတော်၊ သမီးတော် ခုနစ်ပါးထွန်းကားခဲ့ရာ ပုဂံမင်းသားနှင့် သီရိပဝရတိလောကရတနာမင်္ဂလာဒေဝီမင်းသမီးကလွဲ၍ ကျန်သားတော်၊ သမီးတော်များသည် ငယ်စဉ်ကပင် ကွယ်လွန်ခဲ့ကြသည်။ မင်းတုန်းမင်းသားသည် သာယာဝတီမင်းနှင့် သီရိသုစန္ဒာမလ္လာမဟေ ကျောက်မော်မြို့စားမိဖုရားတို့က ဖွားမြင်သည့် သားတော်ဖြစ်သဖြင့် မင်းတုန်းမင်းနှင့် စကြာဒေဝီသည် ခမည်းတော်တူ၊ မယ်တော်ကွဲ မောင်နှမဖြစ်သည်။

**အမရပူရထီးနန်းနှင့် သာယာဝတီမင်း**

ကုန်းဘောင်ခေတ်(၁၇၅၂-၁၈၈၅)တွင် ရွှေဘို၊ အင်းဝ၊ အမရပူရနှင့် မန္တလေးတို့သည် မင်းနေပြည်တော်ဖြစ်ခဲ့ကြသည့်အနက် အမရပူရသည် ဗဒုံမင်းလက်ထက် ၁၇၈၃ ခုနှစ်မှ ၁၈၂၃ ခုနှစ်ထိ တစ်ကြိမ်၊ သာယာဝတီမင်းလက်ထက်တွင် ၁၈၃၇ ခုနှစ်မှ ၁၈၅၇ ခုနှစ်ထိ တစ်ကြိမ် မင်းနေပြည်တော် နှစ်ကြိမ်ဖြစ်ခဲ့သည်။

သာယာဝတီမင်းသည် ကျောက်မြောင်းတွင် နန်းမြို့သစ်တည်၍ စံနန်းကို မင်္ဂလာအောင်နန်းဟု သမုတ်ကာ နန်းစံရန်စီစဉ်ခဲ့သော်လည်း မင်းညီမင်းသား၊ အမတ်ပြည်သူများက အမရပူရတွင်သာ နန်းစံရန်သင့်မြတ်ကြောင်း လျှောက်ထားကြသဖြင့် အမရပူရတွင် ထီးနန်းစိုက်ခဲ့သည်။

သာယာဝတီမင်းသည် အမရပူရနန်းမြို့ကို ၁၈၃၉ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ပန္နက်တင်တည်ဆောက်ခဲ့ပြီး ၁၈၄၀ ပြည့်နှစ် ဇူလိုင် ၉ ရက်တွင် နန်းသိမ်းပွဲကျင်းပခဲ့သည်။ နန်းမြို့တော်ကို အောင်မြေစံရာနန်းတော်ကို အောင်နန်းစံရာဟု အမည်မှည့်ခဲ့သည်။ သာယာဝတီမင်းသည် ဗဒုံမင်းတည်ထောင်ခဲ့သည့် အမရပူရမြို့ကို ထပ်မံတည်ခဲ့သဖြင့် အမရပူရ ဒုတိယမြို့တည်၊ နန်းတည် မင်းတရားကြီးဟုလည်း ထင်ရှားခဲ့သည်။

သာယာဝတီမင်း၏ အထင်ရှားဆုံးအလှူတော်သည် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ချိတ်ဆွဲထားသည့် သာယာဝတီမင်းခေါင်းလောင်းတော်ဖြစ်သည်။

**သမီးတော်ကျောင်း**

သာယာဝတီမင်း၏ သမီးတော် သီရိပဝရတိလောကရတနာမင်္ဂလာဒေဝီသည် မဟာဝိဇိတာရာမတိုက်အတွင်း၌ မဟာအောင်မြေဗိမာန်ကျောင်းတိုက်၏အရံကျောင်းကို တည်ဆောက်ခဲ့သည်။ ကျောင်းတိုက်ပြီးစီးချိန်တွင် ခမည်းတော်သာယာဝတီမင်းကိုယ်တိုင်ကြွရောက်ပြီး ရေစက်သွန်းချလှူဒါန်းခဲ့သည်။

သာယာဝတီမင်းသည် ၁၈၄၃ ခုနှစ် မတ်လတွင် ဂန္ဓာလရာဇ်တိုင်း တရုတ်ပြည် တောက်ကွန် ဥတည်မင်း၏သံအဖွဲ့ကို အမရပူရသံတဲ၌ နေရာချထားစေခဲ့သည်။ ထို့နောက် မတ် ၁၄ ရက်တွင် မိဖုရားခေါင်ကြီးနှင့် သမီးတော်တို့၏ အလှူတော် ကျောင်းနှစ်ဆောင်ရေစက်ချပွဲသို့ ဆင်တပ်၊ မြင်းတပ်များ ခမ်းနားကြီးကျယ်စွာအခင်းအကျင်းများနှင့်အတူ မင်းညီမင်းသားများ၊ စော်ဘွား၊ မြို့စား၊ မှူးတော်၊ မတ်တော်၊ ရဲမက်အပေါင်းခြံရံလျက် ထွက်တော်မူခဲ့သည်။

အမရပူရမြို့၏အရှေ့မျက်နှာတွင် တည်ဆောက်ခဲ့သည့် ကျောင်းတော်နှစ်ရပ်ကို ရေစက်သွန်းချပြီးနောက် စံနန်းတော်တွင် မိဖုရားခေါင်ကြီးနှင့်အတူ စံတော်မူ၍ တရုတ်သံအဖွဲ့များ၏ အဖူးအမြော်၊ လက်ဆောင်တော်များကို အဆက်အသခံတော်မူခဲ့ကြောင်း ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးတွင် ဖော်ပြထားပေသည်။

မဟာဝိဇိတာရာမတိုက်ကို မှန်ကျောင်းတိုက်ဟုလည်း ခေါ်ဆိုခဲ့ကြသည်။ သမီးတော်ကျောင်းသည် မဟာအောင်မြေဗိမာန်ကျောင်းတိုက်၏ အရှေ့မြောက်ဘက်တွင် မဟာဝိဇိတာရာမတိုက်အုတ်တံတိုင်းအနီး၌ တည်ရှိခဲ့သည်။ ကျောင်းတည်နေရာသည် ကျောင်းတိုက်ဝင်း၏ မြောက်ဘက်တွင်ရှိသဖြင့် မြောက်မှန်ကျောင်းဟုလည်း အမည်တွင်ခဲ့သည်။

သမီးတော်ကျောင်းကို ၁၈၅၅ ခုနှစ်တွင် အမရပူရသို့ရောက်ရှိခဲ့သည့် ဗြိတိသျှသံအဖွဲ့တွင် ပါဝင်ခဲ့သည့် ဓာတ်ပုံဆရာ Linnaeus Tripe က ဓာတ်ပုံရိုက်ကူးခဲ့သကဲ့သို့ အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသန နှစ်ပတ်လည်အစီရင်ခံစာ(ASI, Annual Report, 1914-1915)တွင်လည်း ဖော်ပြခဲ့သည်။

သမီးတော်ကျောင်းပုံတွင် ဆောင်မကြီး၊ စနုဆောင်နှင့် ဘောဂဆောင်တို့ကိုမြင်တွေ့ရပြီး ကျောင်းတိုင်များကို အခြားကျောင်းများကဲ့သို့ စကျင်ကျောက်ခေါင်းဆောင်းများဖြင့် အုပ်ထားခြင်းမရှိဘဲ စေတီထီးတော်ငယ်များဖြင့် ထူးခြားစွာ အုပ်မိုးထားသည်။ ကျောင်းဝရန်တာတစ်လျှောက်ကိုလည်း အပြောက်အမွမ်းများဖြင့် လှပစွာဆင်ယင်ထားသည်။

ကျောင်းအောက်ခြေတွင် ကျောင်းအဆောက်အအုံကိုပတ်ထားသည့် အုတ်စိန်တောင်များမရှိဘဲ သစ်သားရာဇမတ်ကွက်များဖြင့် ကာရံထားသည်။ အသေးစိတ်ထုထားသည့် တိရစ္ဆာန်ရုပ်များကို ရာဇမတ်တန်းပေါ်တွင် တန်ဆာဆင်ထားသည်။ ကျောင်းတိုင်များတွင် တိုင်ထောက်ရုပ်များသည် နရားနှင့် အခြားသတ္တဝါရုပ်တုများဖြစ်ကြသည်။ ထိုရုပ်တုများတွင် ဆန်းကြယ်သည့်အရုပ်များပါရှိရာ ကျွဲခေါင်းတင်ထားသည့် ဂဠုန်၊ ကျွဲခေါင်းနှင့် လူကိုယ်ရုပ်တုများလည်း ပါရှိနေသည်။

ကျောင်းတိုက်ကို အပြောက်အမွမ်းများဆင်ယင်ထားရာတွင် လက်ရာများသည် ရတနာပုံခေတ်ကျောင်းများထက် ပို၍အနုစိတ်ကြောင်းမြင်တွေ့ရပေသည်။ ကျောင်းအဆောက်အအုံနံရံကို အရုပ်များဖြင့်ပြည့်လုနီးပါးအလှဆင်ထားရာ နတ်ရုပ်၊ လူရုပ်၊ ဂဠုန်ရုပ်၊ ဘီလူးရုပ်၊ ကိန္နရာရုပ်၊ ကိန္နရီရုပ်၊ ဇော်ဂျီရုပ်၊ လူပျို်တော်ရုပ်တို့ပါရှိသည်။ အဆောက်အအုံတစ်ခုလုံးကို ကျွန်းသစ်များဖြင့်တည်ဆောက်၍ ရွှေပိန်းချခဲ့သည်။

ကျောင်းအဆောက်အအုံတွင် သရက်ကင်းအုတ်လှေကားလေးစင်း တပ်ဆင်ထားပြီး ကျောင်း၏အရှေ့ဆုံးဆောင် တောင်ဘက်တွင် သရက်ကင်းလှေကား တစ်စင်းရှိသည်။ ထိုအုတ်လှေကားများကို အခြားကျောင်းများနှင့်မတူဘဲ ထူးခြားစွာ အောက်တွင်အုတ်ခုံခံပြီးမှ အုတ်ခုံပေါ်တွင် လှေကားကိုတပ်ဆင်ထားသည်။ လှေကားများ၏ အတက်အဆင်းတွင် နရားရုပ်များကို ထုလုပ်ထားသည်။

**သမီးတော်ကျောင်း၏ ဗိသုကာလက်ရာ**

အမရပူရတွင်ရှိခဲ့သည့် သမီးတော်ကျောင်းသည် မယ်တော်မိဖုရားခေါင်ကြီး တည်ဆောက်ခဲ့သည့် ကျောင်းပုံစံနှင့်ဆင်တူသည်။ မယ်တော်ကျောင်းနှင့် သမီးတော်ကျောင်းနှစ်ခုစလုံးတွင် ဘုံခုနစ်ဆင့်ပြာသာဒ်သုံးဆောင်စီပါရှိသည်။ ဘောဂဆောင်တွင်လည်း ပြာသာဒ်တင်ထားသည်။ သို့သော် ပြာသာဒ်တင်ထားသည့်အဆောင်သည် ကျောင်းဦးပြာသာဒ်ဆောင်မဟုတ်ဘဲ စကြံဆောင်ဖြစ်နေသဖြင့် ကျောင်းတွင်သီတင်းသုံးသည့်ဆရာတော်ကြီးများ စကြံလျှောက်ရန်အထူးစီစဉ်ထားသောအဆောင်ဟု ယူဆရဖွယ်ရှိသည်။ စကြံဆောင်၏အောက်၌ အုတ်တိုက်ခံထားခြင်းမရှိချေ။ သမီးတော်ကျောင်းအတွင်းမှ မှန်စီရွှေချကျွန်းတိုင်လုံးများကို ရွှေပိန်းချ၍ ရွှေဇဝါပန်းချီများဖြင့် ခြယ်သခဲ့သည်။ တိုင်များပေါ်တွင် ရွှေသရိုးကိုင်ထားသည့် ရုပ်ကြွပန်းချီများရှိသည်။ ဘုရင့်သမီးတော် ဆောက်လုပ်လှူဒါန်းသည့်ကျောင်းဖြစ်သောကြောင့် မြန်မာမှုအနုပညာလက်ရာများဖြင့် လက်စွမ်းပြတည်ဆောက်ခဲ့ခြင်းဖြစ်ပေသည်။

သမီးတော်ကျောင်း၏ ထူးခြားသောလက်ရာတစ်ခုမှာ ဆောင်မကြီး၏တိုင်ထောက်များတွင် ထူးခြားဆန်းကြယ်သည့်အရုပ်များကို တပ်ဆင်ထားခြင်းဖြစ်သည်။ ထိုတိုင်ထောက်များ၏အောက်ခြေ၌ ကြာခွက်ပုံကျောက်ခွက်များကို ခံထားသည်။ ပျက်စီးနေသည့် သမီးတော်ကျောင်းဟောင်းနေရာ၌ အဆိုပါကျောက်ခွက်တချို့ကို မြင်တွေ့နိုင်သေးသည်။

သမီးတော်ကျောင်းသည် ဒုတိယကမ္ဘာစစ်အတွင်းတွင် ပျက်စီးခဲ့ကာ ကြွင်းကျန်ခဲ့သည့် ကျောင်းတိုင်များကို စစ်ကြီးပြီးချိန်တွင် မသမာသူများက ဖြုတ်ယူသွားခဲ့သည်ဟုဆိုသည်။ လွန်ခဲ့သည့် နှစ် ၁၈၀ ကျော်က ခမ်းနားထည်ဝါစွာတည်ရှိခဲ့သည့် အမရပူရခေတ်လက်ရာ သမီးတော်ကျောင်းသည် ပျက်စီးပျောက်ကွယ်ခဲ့ပြီဖြစ်သော်လည်း ကျောင်းအဆောက်အအုံလက်ရာများမှာမူ မှတ်တမ်းများကျန်ရှိခဲ့ပေသည်။

**ကိုးကား**


- **ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီး (ဦးမောင်မောင်တင်)**
- **ညောင်ရမ်းနှင့် ကုန်းဘောင်ခေတ်နိုင်ငံရေး ပုံရိပ်များ (မောင်သာ၊ ရှေးဟောင်းသုတေသန)**
- **ပျောက်ကွယ်ခဲ့သော တော်ဝင်ကျွန်းဘုန်းကြီး ကျောင်းများ (ညဏ်လင်းတင့်)**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ခါတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ရွှေဘိုခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၇၃၈၃၄ ဧက ရိတ်သိမ်းပြီးစီး

**ရွှေဘို ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေနှမ်း ၇၃၈၃၄ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



၂၀၂၃-၂၀၂၄ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် စိုက်ပျိုးထားသော နွေနှမ်းစိုက်ခင်းများကို ယခုနှစ်မေလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၇၃၈၃၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ဝ၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ရွှေဘိုခရိုင် နွေသီးနှံစိုက်ပျိုးရာသီမှာ နွေနှမ်း ၇၃၈၃၄ ဧကစိုက်ပျိုးထားတယ်။ လက်ရှိဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေနှမ်းစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးစိုက်နိုင်တဲ့အနေအထားမှာရှိပါတယ်။ ဒီနှစ်လဲ နွေနှမ်းစိုက်ပျိုးမှု လျာထားချက်ထက်ပိုမိုစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ခဲ့တယ်။ ဒါ့ပြင် အထွက်နှုန်းကောင်းမွန်ဖို့၊ GAP စနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့တယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် နွေနှမ်းရိတ်သိမ်းပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၇၁၄၅ ဧက၊ ခင်ဦးမြို့နယ်တွင် ၅၂၃ ဧက၊ ဝက်လက်မြို့နယ်တွင် ၆၆၀၆၇ ဧက၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၉၉ ဧက စုစုပေါင်း ၇၃၈၃၄ ဧက ဖြစ်ကြောင်း သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် နှမ်း ၇၁၇၁၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလထိ စိုက်ပျိုးခဲ့ရာ ရွှေဘိုမြို့နယ်တွင် ၇၁၄၅ ဧက၊ ခင်ဦးမြို့နယ်တွင် ၅၂၃ ဧက၊ ဝက်လက်မြို့နယ်တွင် ၆၆၀၆၇ ဧက၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၉၉ ဧက စုစုပေါင်း ၇၃၈၃၄ ဧကဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် နှမ်းစိုက်ပျိုးမှု တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)

# နတ်မောက်မြို့နယ် သက်ရင်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သက်ရင်းတောကျေးရွာ၌ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၁၅ ရက် နေ့လယ်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သက်ရင်းတော ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၂ ဦးကို ငွေကျပ် ၂၃ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၁၇ ဒသမ ၆ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၆ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၈၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၇ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ(နတ်မောက်)**

## လယ်သမား

- နွားညီနောင် တူယှဉ်တွဲပါလို့
  စိုက်ပျိုးနွဲ့ လယ်ယာမြေ၊
  စပါးတွေ အထွက်တိုး
  ကြိုးစားလို့နေ၊
  ရာသီအလှည့် သီးနှံတွေ
  ဖြစ်ထွန်းပေ ကျေးလက်အား၊
  ကျေးဇူးရှင် တောင်သူအပေါင်းရဲ့
  ကောင်းမြတ်စိတ်ထား။

- ရွှေဝါရောင် လယ်စပါးတို့
  ယိမ်းလူပ်ရှား လေအလာ၊
  ကျေးငှက်တွေ သံစုံမြူး
  ထူးခြားသံသာ၊
  တောင်သူတို့ ရိတ်သိမ်းကာ
  တေးဆိုရှာ ချိုသာအေး၊
  မိုးလင်းမှ နေအဝင်
  လုပ်ငန်းခွင် ပျော်ရွှင်ကြတယ်
  လှပယဉ်ကျေး။

- စပါးပေါ် အလှူပေးလို့
  ကျေးလက်ကလေး ဒါနဆင်၊
  ရွာကျောင်းမှာ သဒ္ဒါမိုး
  သွန်းဖြိုးလို့ဝင်၊
  ရိုးသားလို့ ဖြူဖြူစင်
  အရိပ်ထင် ကုသိုလ်နွဲ့၊
  စည်ပြောသံ ဗျို့ဟစ်ထူးတယ်
  ကြည်နူးအလှူပွဲ။

- ဂုဏ်မပါ သဒ္ဒါတွဲ
  အားခဲလို့ ပျော်ကြသည်၊
  စပါးတွေ အထွက်ကောင်းဖို့
  စုပေါင်းပြုညီ၊
  နွေစပါးနဲ့ မိုးစပါးမီ
  အပျော်တည်တဲ့ ကျေးလက်လေး၊
  ယဉ်ကျေးမှုကိုလ
  အစဉ်တွေးရှု ရိုးရာမပျက်အောင်
  ထမ်းရွက်လို့ပေး။ ။

**မောင်မျိုးချစ်(အညာမြေ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ဟန်ဂေရီနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့် အစည်းအဝေးများကို အီးယူခေါင်းဆောင်များသပိတ်မှောက်

**ဘရပ်ဆဲလ် ဇူလိုင် ၁၆**

ဟန်ဂေရီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အီးယူ အလွတ်သဘောဆွေးနွေးပွဲများကို ဥရောပသမဂ္ဂ(အီးယူ) တာဝန်ရှိသူများက သပိတ်မှောက်ထားကြောင်း ဇူလိုင် ၁၅ ရက်တွင် ဖော်ပြခဲ့သည်။

ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘင်က ယူကရိန်းပြဿနာနှင့် ပတ်သက်၍ အခြားပြည်ပနိုင်ငံများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ဟန်ဂေရီနိုင်ငံက လက်ခံကျင်းပမည့် ဆွေးနွေးပွဲများကို ဥရောပကော်မရှင်ဥက္ကဋ္ဌနှင့် အခြား အီးယူခေါင်းဆောင်များက သပိတ်မှောက်ထားခြင်းဖြစ်သည်။

ဟန်ဂေရီနိုင်ငံသည် ခြောက်လသက်တမ်းရှိ ဥရောပသမဂ္ဂ အလှည့်ကျဥက္ကဋ္ဌရာထူးကို ဇူလိုင် ၁ ရက်က စတင်ရယူခဲ့သည်။

အီးယူ အလှည့်ကျဥက္ကဋ္ဌရာထူး ရရှိပြီးနောက် ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘင်သည် ယူကရိန်း၊ ရုရှား၊ တရုတ်၊ အဇာဘိုင်ဂျန်နှင့် အမေရိကန်နိုင်ငံတို့သို့ သွားရောက်၍ ယူကရိန်းစစ်ရေးပဋိပက္ခအတွက် ဆွေးနွေးမှုများပြုလုပ်ခဲ့ရာ အီးယူခေါင်းဆောင်များ အမျက်ထွက်ခဲ့ကြသည်။

ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘင်သည် ရုရှားနိုင်ငံကို လိုလားသည့် အီးယူခေါင်းဆောင်တစ်ဦးဖြစ်ပြီး ယူကရိန်းအတွက် စစ်ရေးအကူအညီ ပေးအပ်မှုကိုလည်း ဆန့်ကျင်သူဖြစ်သည်။

ဟန်ဂေရီနိုင်ငံက လက်ခံကျင်းပမည့် အလွတ်သဘောဆွေးနွေးပွဲများကို သပိတ်မှောက်မည့် ဥရောပသမဂ္ဂခေါင်းဆောင်များ၏ဆုံးဖြတ်ချက်ကို ဟန်ဂေရီအစိုးရ တာဝန်ရှိသူများက ဝေဖန်ထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## နှစ်နှစ်အတွင်း အမျိုးသမီး ၄၂ ဦးကို သတ်ခဲ့ကြောင်း ကင်ညာလူသတ်တရားခံတစ်ဦး ဖြောင့်ချက်ပေး

**နိုင်ရိုဘီ ဇူလိုင် ၁၆**

ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း အမျိုးသမီး ၄၂ ဦးကို သတ်ဖြတ်ခဲ့သူအဖြစ် ယူဆရသော အမျိုးသားတစ်ဦးကို ကင်ညာရဲတပ်ဖွဲ့က ဖမ်းဆီးထားကြောင်း ဇူလိုင် ၁၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် နှစ်နှစ်အတွင်း ၎င်းအနေဖြင့် အမျိုးသမီး ၄၂ ဦးတို့ကို သွေးဆောင်ဖျားယောင်း သတ်ဖြတ်ခဲ့ပြီး အလောင်းများကို ဖျက်ဆီးခဲ့သည်ဟု ကောလင်းဂျူမိုင်ဆီခါလူရှာအမည်ရှိ အမျိုးသားတစ်ဦးက ဝန်ခံထားကြောင်း ကင်ညာရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ကင်ညာရဲတပ်ဖွဲ့သည် ကောလင်းဂျူမိုင်ဆီခါလူရှာ သတ်ဖြတ်ခဲ့သည့် အမျိုးသမီး ၄၂ ဦးအနက် ကိုးဦးတို့၏ ရုပ်အလောင်းအစိတ်အပိုင်းများကို ဇူလိုင် ၁၂ ရက်က နိုင်ရိုဘီမြို့ ရပ်ကွက်တစ်ခုအနီးရှိ ကျောက်ကျင်းဟောင်း တစ်ခု၌ ရှာဖွေတွေ့ရှိခဲ့ပြီး အဆိုပါရုပ်အလောင်းများ တွေ့ရှိခဲ့ရာနေရာနှင့် မနီးမဝေးတွင်နေထိုင်သူ အသက် ၃၃ နှစ်အရွယ် ခါလူရှာကို ဇူလိုင် ၁၅ ရက်က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုများအရ ခါလူရှာသည် ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဇူလိုင် ၁၁ ရက် ကြားကာလအတွင်း အမျိုးသမီး ၄၂ ဦးထိ သတ်ဖြတ်ခဲ့ကြောင်း ကင်ညာရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**





## ရီပက်ဘလီကန်ကိုယ်စားပြု ဒုတိယသမ္မတလောင်းအဖြစ် အထက်လွှတ်တော်အမတ် ဂျေဒီဗင့်စ် ရွေးချယ်ခံရ



**နယူးယောက် ဇူလိုင် ၁၆**

ယခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် သမ္မတဟောင်း ဒေါ်နယ်ထရန့်နှင့်အတူ တွဲဖက်ယှဉ်ပြိုင်မည့် ဒုတိယသမ္မတလောင်း အဖြစ် အိုဟိုင်းအိုးပြည်နယ် အထက်လွှတ်တော်အမတ် ဂျေဒီဗင့်စ်ကို ရီပက်ဘလီကန်ပါတီက ရွေးချယ်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဇူလိုင် ၁၅ ရက်က ကျင်းပခဲ့သည့် ရီပက်ဘလီကန်ပါတီ အမျိုးသားညီလာခံက အိုဟိုင်းအိုးအထက်လွှတ်တော်အမတ် ဂျေဒီဗင့်စ်ကို ပါတီကိုယ်စားပြု ဒုတိယသမ္မတလောင်းအဖြစ် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

အိုဟိုင်းအိုးအထက်လွှတ်တော်အမတ် ဂျေဒီဗင့်စ်သည် ယေးလ်တက္ကသိုလ်ကျောင်းထွက်တစ်ဦးဖြစ်ကြောင်း သိရသည်။

လာမည့် နိုဝင်ဘာ ၅ ရက်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ ၎င်းနှင့်အတူ တွဲဖက်ယှဉ်ပြိုင်မည့် ဒုတိယ သမ္မတလောင်းအဖြစ် အသက် ၃၉ နှစ်အရွယ် ဂျေဒီဗင့်စ်ကို ဒုတိယသမ္မတလောင်းအဖြစ် ရွေးချယ်ထားခြင်းဖြစ်သည်။

အိုဟိုင်းအိုးပြည်နယ် အထက်လွှတ်တော်အမတ် ဂျေဒီဗင့်စ်သည် ယခင်က သမ္မတဟောင်း ဒေါ်နယ်ထရန့်ကို ဝေဖန်ခဲ့ဖူးသော်လည်း နောက်ပိုင်းတွင် ဒေါ်နယ်ထရန့် ထောက်ခံသူတစ်ဦးဖြစ်လာခဲ့သည်။

ယခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲအတွက် ပါတီကိုယ်စားပြု သမ္မတလောင်းအဖြစ် ဒေါ်နယ်ထရန့်ကို ရီပက်ဘလီကန် အမျိုးသားညီလာခံက တရားဝင် ရွေးချယ်ထားပြီး ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## ဘင်္ဂလားဒေ့ရှ်၌ ပြိုင်ဘက်ကျောင်းသားအုပ်စုနှစ်စု ပဋိပက္ခဖြစ်ပွား အနည်းဆုံး လူဦးရေ ၁၀၀ ဒဏ်ရာများရရှိ

**ဒါကာ ဇူလိုင် ၁၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ဇူလိုင် ၁၅ ရက်က ပြိုင်ဘက်ကျောင်းသား အုပ်စုများအကြား ပဋိပက္ခများဖြစ်ပွားခဲ့ရာ အနည်းဆုံး လူဦးရေ ၁၀၀ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။



ဘင်္ဂလားဒေ့ရှ်အစိုးရ၏ အလုပ်အကိုင်ခွဲတမ်းချမှုပုံစံကို ဆန့်ကျင်ရေးဆန္ဒပြပွဲများ ဖြစ်ပွားနေစဉ် ဆန္ဒပြကျောင်းသားများနှင့် လက်ရှိအာဏာရပါတီကို လိုလားသူကျောင်းသားများအကြား ပဋိပက္ခဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့၏ အဆိုအရ အဝါမီလိဂ်ပါတီအစိုးရကို ထောက်ခံသူကျောင်းသားအုပ်စုနှင့် အစိုးရ၏ အလုပ်အကိုင်ခွဲတမ်းစနစ် ဆန္ဒပြကျောင်းသားအုပ်စုတို့သည် ဒါကာတက္ကသိုလ်ကျောင်းဝင်းအတွင်း ပဋိပက္ခဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လစာကောင်းသည့် အစိုးရအလုပ်အကိုင် ထောင်ပေါင်းများစွာအနက် ထက်ဝက်ကျော်ကို ၁၉၇၁ ခုနှစ် လွတ်လပ်ရေးစစ်ပွဲ စစ်ပြန်များ၏ ကလေးများအပါအဝင် အထူးသတ်မှတ်ထားသော အစုအဖွဲ့များအတွက် သီးခြားဖယ်ပေးထားသည်။

သို့ရာတွင် ဆန္ဒပြကျောင်းသားများကမူ အစိုးရအလုပ်အကိုင် ခွဲတမ်းများကို အရည်အချင်းအခြေခံ၍ ခွဲဝေသတ်မှတ်ပေးရန် တောင်းဆိုထားကြသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရ၏ လက်ရှိအလုပ်အကိုင် ခွဲတမ်းစနစ်ကြောင့် လက်ရှိအာဏာရပါတီကို ထောက်ခံသူများသာ အကျိုးရှိနေကြောင်း ဆန္ဒပြသမားအချို့က ဝေဖန်ထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ကျူးဘားရှိ မြောက်ကိုရီးယားသံအရာရှိတစ်ဦး တောင်ကိုရီးယားနိုင်ငံသို့ဘက်ပြောင်းခိုလှုံ

**ဆိုးလ် ဇူလိုင် ၁၆**

ကျူးဘားနိုင်ငံ၌ တာဝန်ထမ်းဆောင်နေသော မြောက်ကိုရီးယား အဆင့်မြင့် သံတမန်တစ်ဦးသည် တောင်ကိုရီးယား နိုင်ငံအတွင်းသို့ ထွက်ပြေး၍ ဘက်ပြောင်းခိုလှုံခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား ထောက်လှမ်းရေးအဖွဲ့၏ အဆိုအရ အဆိုပါ မြောက်ကိုရီးယား သံတမန်မှာ ရီအီကျူအမည်ရှိ ကျူးဘားအခြေစိုက် သံအရာရှိတစ်ဦးဖြစ်ကြောင်း သိရသည်။

ရီအီကျူသည် ၎င်း၏ဇနီးနှင့် ကလေးများကိုပါ ခေါ်ဆောင်ကာ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက တောင်ကိုရီးယား နိုင်ငံအတွင်းသို့ ထွက်ပြေးခဲ့ခြင်းဖြစ်သည်။

ရီအီကျူသည် တောင်ကိုရီးယားနှင့် ကျူးဘားနှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး မထားရှိမီကပင် တောင်ကိုရီးယားနိုင်ငံအတွင်းသို့ ဘက်ပြောင်းခိုလှုံခဲ့ခြင်း ဖြစ်သည်။

တောင်ကိုရီးယားနှင့် ကျူးဘားနိုင်ငံတို့သည် ယခုနှစ် ဖေဖော်ဝါရီလတွင် သံတမန်ဆက်ဆံရေး ထားရှိခဲ့ကြသည့် နိုင်ငံများဖြစ်ကြသည်။

ပြီးခဲ့သည့် နှစ်များအတွင်းကလည်း မြောက်ကိုရီးယားအစိုးရ အရာရှိများသည် တောင်ကိုရီးယားနိုင်ငံသို့ ထွက်ပြေးခိုလှုံလာခဲ့ကြကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင်ပျက်ခဲ့ရပြီးနောက် နာဆာအနေဖြင့် နိုင်ငံတကာအာကာသစခန်းသို့ အာကာသယာဉ်မှူးများပို့ဆောင်ရေးအစီအစဉ်ကို ပြန်လည်သုံးသပ်နေ




ဝါရှင်တန် ဇူလိုင် ၁၆

ပြီးခဲ့သည့်သီတင်းပတ်အတွင်းက Space-X အာကာသနည်းပညာကုမ္ပဏီ လွှတ်တင်ခဲ့သည့် ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင် ပျက်ခဲ့ရပြီးနောက် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) အနေဖြင့် နိုင်ငံတကာ အာကာသစခန်းသို့ အာကာသယာဉ်မှူးများ ပို့ဆောင်ရေး အစီအစဉ်များကို ပြန်လည် သုံးသပ်နေကြောင်း ဇူလိုင် ၁၅ ရက် သတင်းများအရ သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ် ဂြိုဟ်တုအစင်း ၂၀ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံတစ်စင်းကို ဇွန် ၁၂ ရက်တွင် လွှတ်တင်ခဲ့ရာ ထိပ်ဖူးအဆင့်ဒုံးယာဉ် လောင်စာယိုစိမ့်မှုကြောင့် ဂြိုဟ်တုများ ပတ်လမ်းမှားပေါ် ရောက်ရှိခဲ့ရသည်။

၎င်းဖြစ်စဉ်ပေါ်ပေါက်ခဲ့ပြီးနောက် Space-X ကုမ္ပဏီက လွှတ်တင်ပေးမည့် နိုင်ငံတကာ အာကာသစခန်းမစ်ရှင်သစ်အပေါ် ဆိုးကျိုးသက်ရောက်နိုင်မှု ရှိ၊ မရှိကို နာဆာအဖွဲ့က ဆန်းစစ်နေခြင်းဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီက လွှတ်တင်မည့် နိုင်ငံတကာ အာကာသစခန်းမစ်ရှင်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံကိုပင် အသုံးပြုရန် စီစဉ်ထားကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် နာဆာ အာကာသယာဉ်မှူးများ လိုက်ပါမည့် Crew Dragon အာကာသလူသယ်ယာဉ်ကို လာမည့် ဩဂုတ်လအတွင်း လွှတ်တင်ရန် စီစဉ်ထားသည်။

အာကာသယာဉ်မှူးများ ဘေးအန္တရာယ် ကင်းရှင်းရေးသည် နာဆာအဖွဲ့၏ ဦးစားပေးတာဝန်ဖြစ်သည်ဟု နာဆာ တာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## အပူဓာတ်ပြင်းထန်သော နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်း၏လေထုလွှာအတွင်း ရေဓာတ်များတည်ရှိနေနိုင်

ဝါရှင်တန် ဇူလိုင် ၁၆

အပူဓာတ်ပြင်းထန်သော နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်း၏ လေထုလွှာအတွင်း ရေဓာတ်များ တည်ရှိနေနိုင်ကြောင်း ဇူလိုင် ၁၅ ရက် သတင်းများအရ သိရသည်။

HD 149026 b အမည်ရှိ အဆိုပါဂြိုဟ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၂၄၇ နှစ်အကွာတွင် တည်ရှိသော ဂြိုဟ်ဖြစ်ကြောင်း သိရသည်။

HD 149026 b ဂြိုဟ်သည် မိခင်ကြယ်နှင့်ဖြိုဆွဲအား အပြန်အလှန်သက်ရောက်မှုကြောင့် မျက်နှာပြင်တစ်ဖက်ခြမ်းမှာ မိခင်ကြယ်ဘက်သို့ ထာဝရမျက်နှာမူထားရသော ဂြိုဟ်ဖြစ်သည်။

ထို့ပြင် HD 149026 b ဂြိုဟ်၏ မျက်နှာပြင်အပူချိန်မှာ ၁၄၂၀



ဒီဂရီဆဲလ်စီးယပ်ထိ ရှိနိုင်ကြောင်း ပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် ၎င်းဂြိုဟ်၏ လေထုလွှာအတွင်း၌ ရေဓာတ်တည်ရှိမှု သက်သေများကို ရှာဖွေတွေ့ရှိထားရကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

HD 149026 b ဂြိုဟ်သည် မိခင်ကြယ်ကို မိုင်ပေါင်းလေးသန်းအကွာမှတစ်ဆင့် ရက်အားဖြင့် သုံးရက်လျှင် တစ်ပတ်ကျလှည့်ပတ်နေကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## Tsuchinchan-ATLAS ကြယ်တံခွန်က ယခုနှစ် စက်တင်ဘာလအတွင်း နေအနီးမှမဖြတ်သန်းနိုင်မီ ပြိုကွဲပျောက်ကွယ်သွားနိုင်

ဝါရှင်တန် ဇူလိုင် ၁၆

Tsuchinchan - ATLAS အမည်ရှိ ကြယ်တံခွန်သည် ယခုနှစ် စက်တင်ဘာလအတွင်း နေအနီးမှ မဖြတ်သန်းနိုင်မီ ပြိုကွဲပျောက်ကွယ် သွားနိုင်ကြောင်း ဇူလိုင် ၁၅ ရက် သတင်းများအရ သိရသည်။

အဆိုပါကြယ်တံခွန်သည် လာမည့် စက်တင်ဘာ ၂၇ ရက်တွင် နေနှင့်အနီးဆုံးမှတ်သို့ ရောက်ရှိနိုင်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

နေနှင့်အနီးဆုံးမှတ်သို့ ရောက်ရှိချိန်တွင် Tsuchinchan - ATLAS ကြယ်တံခွန်နှင့် နေကြား အကွာအဝေးမှာ မိုင်ပေါင်း ၃၆ သန်းခန့် ရှိမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ၎င်းကြယ်တံခွန်သည် နေနှင့်အနီးဆုံးမှတ်သို့ မရောက်ရှိမီ နေ၏ဖြာထွက်ရောင်ခြည်ရိုက်ခတ်မှုဒဏ်ကြောင့် ပြိုကွဲသွားနိုင်ကြောင်း သိရသည်။

Tsuchinchan - ATLAS ကြယ်တံခွန်ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ပထမဆုံးအကြိမ် စတင်တွေ့ရှိခဲ့ကြောင်း သိရသည်။

၎င်းကြယ်တံခွန်အနေဖြင့် နေကို အနီးကပ်ဖြတ်ကျော်ပျံသန်းချိန်တွင် ကမ္ဘာမြေပေါ်မှတစ်ဆင့် သာမန်မျက်စိဖြင့် တွေ့မြင်နိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားထားသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## စမ်းသပ်ဆဲကာကွယ်ဆေးသစ်တစ်မျိုးက အမျိုးသမီးငယ်များ HIV ပိုးကူးစက်မှုကိုကာကွယ်နိုင်

ဂျိုဟန်နက်စဘတ် ဇူလိုင် ၁၆

စမ်းသပ်ဆဲ PrEP အုပ်စု ကာကွယ်ဆေးသစ် တစ်မျိုးသည် အမျိုးသမီးငယ်များ၌ ခုခံအားကျဆင်းမှုရောဂါပိုးရပ် (HIV) ကူးစက်မှုကို ရာနှုန်းပြည့်ကာကွယ်ပေးနိုင်ကြောင်း ဇူလိုင် ၁၅ ရက် သတင်းများအရ သိရသည်။

အဆိုပါ HIV ပိုးရပ်ကာကွယ်ဆေးကို တောင်အာဖရိကနှင့် ယူဂန်ဒါနိုင်ငံတို့၌ တောင်အာဖရိက သုတေသနပညာရှင်များ အပါအဝင် နိုင်ငံတကာ သုတေသနပညာရှင်များက စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ သုတေသနပညာရှင်များသည် Lenacapavir အမည်ရှိ အဆိုပါ HIV ကာကွယ်ဆေး၏ အာနိသင်ကို လူပေါင်း ၅၀၀၀ ပါဝင်သော စမ်းသပ်မှုဖြင့် အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းကာကွယ်ဆေးသည် တစ်နှစ်လျှင် နှစ်ကြိမ် ထိုးနှံရသည့် HIV ပိုးရပ် ကာကွယ်ဆေးဖြစ်ကြောင်း သိရသည်။

လက်တွေ့ စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Lenacapavir ထိုးဆေးသည် လူငယ်များ အထူးသဖြင့် အမျိုးသမီးလူငယ်များ၌ HIV ပိုးရပ်ကူးစက်မှုကို ရာနှုန်းပြည့်ကာကွယ်နိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သုတေသနပညာရှင်များသည် Lenacapavir ထိုးဆေး၏ အာနိသင်ကို အခြား HIV ပိုးရပ် ကာကွယ်ရေးသောက်ဆေးနှစ်မျိုးနှင့် နှိုင်းယှဉ်စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## လူမှုဆက်ဆံရေးတွင် အထီးကျန်မှုပြဿနာကို ကမ္ဘာ့လူသားငါးပုံတစ်ပုံကျော် ခံစားနေရ

နယူးယောက် ဇူလိုင် ၁၆

လူမှုဆက်ဆံရေးတွင် အထီးကျန်မှုပြဿနာကို ကမ္ဘာ့လူသားငါးပုံတစ်ပုံကျော် ခံစားနေကြရကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဇူလိုင် ၁၅ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာချက် စစ်တမ်းအရ ကမ္ဘာ့လူသား ၂၃ ရာခိုင်နှုန်းခန့်တို့မှာ လူမှုဆက်ဆံရေးအရ အထီးကျန်မှုပြဿနာနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ထို့ပြင် လူမှုဆက်ဆံရေးတွင် အထီးကျန်နေသူများသည် တစ်ခါတစ်ရံ ရုပ်ပိုင်းဆိုင်ရာနာကျင်မှု၊ ဝမ်းနည်းမှု၊ စိုးရိမ်မှု၊ စိတ်ဖိအားဝင်ရောက်မှု စသည့်ကျန်းမာရေးပြဿနာများကိုပါ ရင်ဆိုင်ရတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ မိမိတို့၏လေ့လာတွေ့ရှိချက်အရ လူမှုဆက်ဆံရေးတွင် အထီးကျန်မှုပြဿနာကို ကျန်းမာရေးပြဿနာကြီးတစ်ရပ်အဖြစ် ရှုမြင်ကိုင်တွယ်သင့်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ လူမှုဆက်ဆံရေးတွင် အထီးကျန်မှုပြဿနာကြောင့် နှလုံးရောဂါဖြစ်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့ ၃၀ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် လူမှုဆက်ဆံရေးတွင် အထီးကျန်မှု ပြဿနာကြောင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကိုလည်း ၅၀ ရာခိုင်နှုန်းပို၍ မြင့်မားလာတတ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ပြင်သစ်လက်ရွေးစင်ကစားသမားဘဝမှ အနားယူကြောင်း တိုက်စစ်မှူးဂီရော့ဒ် အတည်ပြုပြောကြား

**ပဲရစ် ဇူလိုင် ၁၆**

ပြင်သစ်အသင်း၏ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသည့် တိုက်စစ်မှူး ဂီရော့ဒ်က လက်ရွေးစင်ကစားသမားဘဝမှ အနားယူမည်ဖြစ်ကြောင်း ပြီးခဲ့သည့်တနင်္လာနေ့က အတည်ပြုပြောကြားခဲ့သည်။

အသက် ၃၇ နှစ်ရှိ တိုက်စစ်မှူး ဂီရော့ဒ်သည် ယူရိုပြိုင်ပွဲတွင် ပြင်သစ်အသင်း၌ ပါဝင်လာခဲ့ပြီး စပိန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ဆီမီးဖိုင်နယ်ပွဲစဉ် ဒုတိယပိုင်းတွင် လူစားဝင်ကစားခဲ့ပြီးနောက် နိုင်ငံအသင်း ကစားသမားဘဝ နောက်ဆုံးပွဲစဉ်ကို ကစားခဲ့ကြောင်း သိရသည်။

၎င်းသည် ပြင်သစ်အသင်းတွင် ပြိုင်ပွဲစုံ ပွဲပေါင်း ၁၃၇ ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၅၇ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး အသင်းသမိုင်းတွင် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည့်အပြင် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အသင်းနှင့်အတူ ချန်ပီယံဆုဖလား ရယူနိုင်ခဲ့သည်။

နိုင်ငံအသင်းမှ အနားယူရန် ဆုံးဖြတ်ခဲ့ပြီးနောက် တိုက်စစ်မှူး ဂီရော့ဒ်သည် အေစီမီလန်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သဖြင့် မေဂျာလိဂ်ကလပ် လော့အိန်ဂျယ်လိစ်အသင်းသို့ တစ်နှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ပြီး စာချုပ်ကုန်ဆုံးပါက တစ်နှစ်သက်တမ်း တိုးခွင့်ပါရှိခဲ့ကြောင်း သိရသည်။

ဂီရော့ဒ်သည် ၂၀၁၂ ခုနှစ်က ပြင်သစ်ကလပ် မောင့်ပယ်လီယာအသင်းနှင့် ပြင်သစ်လိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့ပြီးနောက် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ခဲ့ရာ ခြေစွမ်းပြသ နိုင်ခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင် ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ချဲလ်ဆီးအသင်းနှင့်အတူ ချန်ပီယံလိဂ်ဆုဖလား ရယူနိုင်ခဲ့သကဲ့သို့ ၂၀၂၂ ခုနှစ်တွင် အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ဥရောပကလပ်အသင်းများတွင် ပြိုင်ပွဲစုံ ၇၁၆ ပွဲတွင် သွင်းဂိုး ၂၈၅ ဂိုးထိ သွင်းယူခြေစွမ်းပြနိုင်ခဲ့သူ ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- အေစီမီလန်အသင်းက အေတီကိုအသင်းတိုက်စစ်မှူး မိုရာတာကို ပြောင်းရွှေ့ကြေး ယူရို ၁၃ သန်းဖြင့်ခေါ်ယူနိုင်ရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။
- စပိန်အသင်းနှင့်အတူ ဥရောပဆုဖလားရယူနိုင်ခဲ့သည့် စပိန်ကစားသမားများအနေဖြင့် ဘော်လွန်းဒီအော်ဆုနှင့် ထိုက်တန်ကြောင်း ကွင်းလယ်ကစားသမား ရိုဒရီက ထုတ်ဖော်ပြောကြားခဲ့သည်။
- ဆွစ်ဇာလန်အသင်းနှင့်အတူ ၁၄ နှစ်ကြာကစားခဲ့ရာ ပြိုင်ပွဲစုံ ၁၂၅ ပွဲ ပါဝင်ကစားခဲ့သည့် ကွင်းလယ်ကစားသမား ရှာကွီရီက နိုင်ငံအသင်း ကစားသမားဘဝမှအနားယူကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။

**ML**

## စူပါဘင်တန်ဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံ ကာကွယ်ပွဲအဖြစ် နာအိုယာက တီဂျေဒိုဟီနီနှင့် ယှဉ်ပြိုင်ထိုးသတ်မည်




**တိုကျို ဇူလိုင် ၁၆**

စူပါဘင်တန်ဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံ ဂျပန်လက်ဝှေ့သမား နာအိုယာသည် လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၃ ရက်တွင် အိုင်ယာလန် လက်ဝှေ့သမား တီဂျေဒိုဟီနီနှင့် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ထိုးသတ်သွားမည် ဖြစ်ကြောင်း Top Rank Promotion ကုမ္ပဏီက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

နာအိုယာအနေဖြင့် ယခုနှစ်အတွင်း ဒုတိယအကြိမ် ချန်ပီယံ ကာကွယ်ပွဲထိုးသတ်ရန် ပြင်ဆင်နေခြင်းဖြစ်ပြီး ပထမအကြိမ် ကာကွယ်ပွဲစဉ်ကို မေ ၆ ရက်တွင် မက္ကဆီကိုလက်ဝှေ့သမား လူးဝစ်နာရီနှင့် ဂျပန်နိုင်ငံတွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး နာအိုယာက ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။ လူးဝစ်နာရီအနေဖြင့်လည်း လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် ပထမဦးဆုံး ဒိုင်ပွဲရပ်ရလဒ်အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။

နာအိုယာ၏ Promoterဖြစ်သူ ဘော့အာရမ်က "နာအိုယာဟာ ပါရမီရှင် လက်ဝှေ့သမား တစ်ယောက်ဖြစ်ပါတယ်။ သူ့မျိုးဆက်မှာလည်း အကောင်းဆုံး လက်ဝှေ့သမားတစ်ဦးဖြစ်ပါတယ်။ နာအိုယာအနေနဲ့ တီဂျေဒိုဟီနီတို့ရဲ့ စိန်ခေါ်ပွဲဟာ ပရိသတ်တွေ မျှော်လင့်ထားတဲ့ ပွဲဖြစ်လာမှာပါ။ တီဂျေဒိုဟီနီဟာ အတွေ့အကြုံရင့်ကျက်တဲ့ လက်ဝှေ့သမားတစ်ဦး ဖြစ်တဲ့အတွက် နာအိုယာအနေနဲ့ ပေါ့ဆလို့တော့မရပါဘူး။ တီဂျေဒိုဟီနီဟာ ပွဲပေါင်းများစွာထိုးသတ်ခဲ့ဖူးသလို ဂျပန်မှာထိုးသတ်ခဲ့တဲ့ ပွဲစဉ်တွေမှာလဲ ရလဒ်ကောင်းထားတဲ့ မှတ်တမ်းတွေရှိတယ်။ ဒါကြောင့် ဒီစိန်ခေါ်ပွဲဟာ နာအိုယာအတွက် ခက်ခဲတဲ့စိန်ခေါ်ပွဲဖြစ်လာနိုင်တယ်။ ကျွန်တော်ကတော့ နာအိုယာအပေါ်မှာ ယုံကြည်မှုအပြည့်ရှိတယ်။ သူထိုးသတ်လိုတဲ့ ပြိုင်ဘက်နဲ့ ထိုးသတ်သွားဖို့ စီစဉ်ပေးနိုင်ရေးက ကျွန်တော့်တာဝန်ဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်အတွင်းဒုတိယမြောက် ပြိုင်ဘက်ကင်းချန်ပီယံဘွဲ့ကို ကာကွယ်သွားမဲ့ နာအိုယာအနေနဲ့ ဒီစိန်ခေါ်ပွဲမှာလဲ အောင်မြင်မှုရရှိမယ်လို့ ယုံကြည်မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

## ခံစစ်ကစားသမား အာရူဂျို ဒဏ်ရာခွဲစိတ်မှုကြောင့် လေးလခန့်အနားယူရမည်ဟု ဘာစီလိုနာအသင်းထုတ်ပြန်

**ဘာစီလိုနာ ဇူလိုင် ၁၆**

ဘာစီလိုနာအသင်း ခံစစ်ကစားသမား အာရူဂျိုသည် ဥရုဂွေးအသင်းနှင့်ကစားခဲ့သည့် ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ကြွက်သားဒဏ်ရာ ရရှိခဲ့သဖြင့် ဒဏ်ရာခွဲစိတ်ကုသမှု ခံယူခဲ့ရာ လေးလခန့် အနားယူရမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက ထုတ်ပြန်ခဲ့သည်။

အသက် ၂၅ နှစ်ရှိ အာရူဂျိုသည် ဘရာဇီးအသင်းနှင့် ကစားခဲ့သည့် ကိုပါအမေရိကဖလား ကွာတားဖိုင်နယ်အဆင့်တွင် ကြွက်သားဒဏ်ရာရရှိခဲ့ပြီးနောက် ဖလားပြိုင်ပွဲနှင့် လွဲချော်ခဲ့သည့်အပြင် ယခုအခါ ၎င်း၏ဒဏ်ရာကို ခွဲစိတ်ကုသမှုပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကာ ခွဲစိတ်မှု အောင်မြင်ခဲ့သော်လည်း လေးလခန့် အနားယူရမည်ဖြစ်သောကြောင့် ဘာစီလိုနာအသင်းနှင့် ပွဲစဉ်များကို လွဲချော်မည်ဖြစ်ပြီး လာမည့် နိုဝင်ဘာလမှသာ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

အာရူဂျို၏ဒဏ်ရာကို ဘာစီလိုနာအသင်း ဆေးအဖွဲ့ခေါင်းဆောင် ဒေါက်တာလာဇီက ဦးဆောင်၍ ဖင်လန်နိုင်ငံတွင် ခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ကစားသမားအနေဖြင့် ကာလရှည် အနားယူရမည်ဖြစ်သဖြင့် ဘာစီလိုနာအသင်းသည် ကစားသမားကို ဆက်လက်ထိန်းသိမ်းမည့် အစီအစဉ်မှာ မရေရာမှုများရှိလာခဲ့သည်။

အစောပိုင်းက ဘာစီလိုနာအသင်းအနေဖြင့် ၂၀၂၆ ခုနှစ်မှ စာချုပ်ကုန်ဆုံးမည့် အာရူဂျိုကို ဆက်လက်ထိန်းသိမ်း၍ ဥရောပထိပ်သီး ကလပ်အသင်းများ၏ စိတ်ဝင်စားမှုမှ ကာကွယ်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ယခုအခါ ကစားသမား၏ ပြောင်းရွှေ့ကြေးကို လျှော့ချကာ အသင်းမှထွက်ခွာခွင့်ပြုရန် ဆန္ဒရှိနေသည်။

ဘာစီလိုနာအသင်းသည်နည်းပြသစ် ဖလစ်နှင့်အတူ ပြီးခဲ့သည့် ရက်သတ္တပတ်ကတည်းက ရာသီအကြို ခြေစမ်းပွဲအတွက် ပြင်ဆင်စုဖွဲ့မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

## ဆီဗီလာအသင်းက အေတီကိုကစားသမား ဆောနီဂွက်ဇ်ကို တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူ

**မက်ဒရစ် ဇူလိုင် ၁၆**

ဆီဗီလာအသင်းသည် အေတီကိုအသင်းတွင် ပုံမှန်ပွဲကစားခွင့် ပျောက်ဆုံးနေသည့် ကွင်းလယ်ကစားသမား ဆောနီဂွက်ဇ်ကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။

ကလပ်အသင်း နှစ်ခုကြား အငှားစာချုပ်တွင် ဆီဗီလာအသင်းက ဆောနီဂွက်ဇ်ကို နောက်ထပ်တစ်ရာသီ အငှားခေါ်ယူခွင့်ရှိသည့် သဘောတူညီချက်ပါရှိခဲ့ပြီး ကစားသမား၏ အပြောင်းအရွှေ့နှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်ကို ထုတ်ပြန်ကြေညာခြင်း မရှိခဲ့ကြောင်း သိရသည်။

အသက် ၂၉ နှစ်ရှိ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီနှစ်ရာသီက အေတီကိုအသင်းတွင် အမှတ်ပေးပွဲ ၂၅ ပွဲသာ ပွဲထွက်ခွင့်ရခဲ့ပြီး လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ခဲ့ရသည့်အပြင် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီကလည်း ချဲလ်ဆီးအသင်းသို့ ရာသီဝက်အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရသည်။

၎င်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းနှင့် ပြန်လည်ပူးပေါင်းချိန်တွင် ပြိုင်ပွဲစုံ ၄၉ ပွဲထိ ပါဝင်ခဲ့ရသော်လည်း လူစားဝင်ကစားသမားအဖြစ်သာ ကစားခဲ့ရကာ ပွဲကစားချိန်ကန့်သတ်ချက်ဖြင့် ကစားခဲ့ရပြီးနောက် နည်းပြ ဆီမြွန်နီက ၎င်း၏ကစားကွက်နှင့် ကိုက်ညီမှုမရှိသဖြင့် ကစားသမား၏ လုပ်ခလစာအသုံးစရိတ်ကို လျှော့ချနိုင်ရန်အတွက် ဆီဗီလာအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခွင့်ပြုခဲ့သည်။




ဆီဗီလာအသင်းသည် ကွင်းလယ်ကစားသမား ဆောနီဂွက်ဇ်ကို ခေါ်ယူခဲ့ပြီးနောက် အာဆင်နယ်အသင်းကစားသမား လိုကွန်ဂါကိုလည်း တစ်ရာသီအငှားစာချုပ်ဖြင့် ထပ်မံခေါ်ယူခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ဥရောပဘောလုံးအဖွဲ့ချုပ်က ယူရို ၂၀၂၄ ပြိုင်ပွဲ နေရာအလိုက်အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်း ထုတ်ပြန်




**ဇူးရစ်ချ် ဇူလိုင် ၁၆**

ဥရောပ ဘောလုံးအဖွဲ့ချုပ်က ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ယူရို ၂၀၂၄ ပြိုင်ပွဲ၏ နေရာအလိုက် အကောင်းဆုံးကစားသမား ၁၁ ဦး စာရင်းကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ယူရို ၂၀၂၄ ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်သို့ စပိန်အသင်းနှင့် အင်္ဂလန်အသင်းတို့ တက်ရောက်ခဲ့ကြပြီး စပိန်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး ပြိုင်ပွဲ၏ နေရာအလိုက် အကောင်းဆုံး ကစားသမား ၁၁ ဦး စာရင်းတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် စပိန်အသင်းမှ ကစားသမားအများစု ပါဝင်လာခဲ့သည်။

ယူရို ၂၀၂၄ ပြိုင်ပွဲ၏ နေရာအလိုက်အကောင်းဆုံး ကစားသမား ၁၁ ဦးစာရင်းတွင် စပိန်အသင်းမှ ကစားသမား ခြောက်ဦးထိ ပါဝင်လာခဲ့ပြီး ပြင်သစ်အသင်းမှ နှစ်ဦး၊ ဂျာမနီအသင်း၊ ဆွစ်ဇာလန်အသင်းနှင့် ဗိုလ်လုပွဲအဆင့်တက်ရောက်ခဲ့သည့် အင်္ဂလန်အသင်းမှ ကစားသမား တစ်ဦးစီသာ ပါဝင်လာခဲ့သည်။

ဥရောပဘောလုံးဖွဲ့ချုပ်က ယူရို ၂၀၂၄ ပြိုင်ပွဲ၏ နေရာအလိုက် အကောင်းဆုံး ကစားသမား ၁၁ ဦး စာရင်းကို ၄-၃-၃ ပုံစံဖြင့် ရွေးချယ်ခဲ့ပြီး ဂိုးသမားနေရာတွင် ပြင်သစ်အသင်းမှ မိုင်ဂနန်၊ ခံစစ်ကစားသမား လေးဦးနေရာတွင် စပိန်အသင်းမှ ကူကူရယ်လာ၊ ပြင်သစ်အသင်းမှ ဆာလီဘာ၊ ဆွစ်ဇာလန်အသင်းမှ အကန်ဂျီ၊ အင်္ဂလန်အသင်းမှ ဝေါ်လ်ကာ၊ ကွင်းလယ်ကစားသမား သုံးဦးနေရာတွင် စပိန်အသင်းမှ ဖေဘီယန်ရူဇ်၊ အိုမို၊ ရိုဒရီ၊ တိုက်စစ်ကစားသမား သုံးဦးနေရာတွင် စပိန်အသင်းမှ ဝီလီယံ၊ ယာမယ်နှင့် ဂျာမနီအသင်းမှ မူစီအာလာတို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစား

**ရန်ကုန် ဇူလိုင် ၁၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် ယနေ့မွန်းလွဲ ၁ နာရီခွဲက MFF Futsal Stadium တွင် 7 Brother FC အသင်းနှင့် Marga FC အသင်းတို့ ကစားခဲ့ရာ ခြေစွမ်းပိုင်းကွာခြားမှု မရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ 7 Brother FC အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီ ၁၅ မိနစ်တွင် Sar Bal Gyi FC အသင်းနှင့် RPG FC အသင်းတို့ ကစားခဲ့ရာ RPG FC အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ လေးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်ခဲ့သည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်ခဲ့ကြသည့် 7 Brother FC အသင်းနှင့် RPG FC အသင်းတို့သည် လာမည့် မြန်မာဖူဆယ် လိဂ်-၂ ပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်ရရှိမည် ဖြစ်ကြောင်း သိရသည်။

**STA**

# Swedish Open တင်းနစ်ပြိုင်ပွဲ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ ပထမအဆင့်တွင် ရာဖေးလ်နာဒယ်အနိုင်ရရှိ



**စတော့ဟုမ်း ဇူလိုင် ၁၆**

ဆွီဒင်နိုင်ငံတွင် ကျင်းပနေသည့် Swedish Open တင်းနစ်ပြိုင်ပွဲ အမျိုးသားနှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲအဖြစ် စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် နော်ဝေတင်းနစ် ကစားသမား ကပ်စပါရုဒ်နှင့် တွဲဖက်၍ ပြိုင်ပွဲဝင်လျက်ရှိရာ ပထမအဆင့်တွင် မက္ကဆီကို တင်းနစ်ကစားသမား ရီယက်စ်ဗာရီလာ၊ အာဂျင်တီးနား တင်းနစ်ကစားသမား အန်ဒရီရို့ဇ်ဇီတို့အတွဲနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး (၆-၁ ၊ ၆-၄)ရလဒ်ဖြင့် ပြတ်သားစွာအနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ရာဖေးလ်နာဒယ်သည် တင်းနစ်လောကတွင် ကျင်လည်ခဲ့သောကာလတစ်လျှောက် နှစ်ယောက်တွဲပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လေ့ရှိသူတစ်ဦးမဟုတ်ဘဲ ၂၀၂၄ ခုနှစ် ပဲရစ်အိုလံပစ် အားကစားပွဲတော်တွင် စပိန်ကိုယ်စားပြုအနေဖြင့် အယ်ကာရက်ဇ်နှင့် တွဲဖက်ကာ နှစ်ယောက်တွဲပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သွားရန် စီစဉ်ထားသည့်အတွက် ကြိုတင် ပြင်ဆင်သည့်အနေဖြင့် Swedish Open တင်းနစ်ပြိုင်ပွဲတွင် နှစ်ယောက်တွဲပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နေခြင်းလည်းဖြစ်သည်။

ရာဖေးလ်နာဒယ်က "ဘက်စတက်မှာ သူငယ်ချင်းကောင်းဖြစ်တဲ့ ကပ်စပါနဲ့ နှစ်ယောက်တွဲပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်နေရတာနဲ့ပတ်သက်ပြီး အစစအရာရာ အဆင်ပြေပါတယ်။ နှစ်ယောက်တွဲပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်လေ့မရှိပေမဲ့လဲ အိုလံပစ်အတွက် ပြင်ဆင်လိုတဲ့အတွက် ဘက်စတက်မှာ ပါဝင်ယှဉ်ပြိုင်သွားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ပြိုင်ပွဲဝင်ဖို့ စုံစမ်းတော့ ကပ်စပါနဲ့ တွဲဖက်ကစားဖို့ အဆင်ပြေတယ်ဆိုတဲ့အတွက် ကပ်စပါနဲ့ညှိနှိုင်းပြီး ပြိုင်ပွဲဝင်ဖြစ်ခဲ့ခြင်း ဖြစ်ပါတယ်။ ပထမအဆင့်ပွဲမှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်နဲ့ ပတ်သက်ပြီး အားရကျေနပ်မှုရှိပါတယ်။ အခု ဒီပြိုင်ပွဲကို အိုလံပစ်အတွက် ပြင်ဆင်တဲ့အနေနဲ့ ပါဝင်ယှဉ်ပြိုင်နေတာဆိုပေမဲ့ အောင်မြင်မှုရဖို့အတွက် ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်းသိရသည်။

**Ref : RT**
**Trs : AZL**

# အင်္ဂလန်အသင်းနည်းပြရာထူးမှ နည်းပြဆောက်ဂိတ်နုတ်ထွက်

**လန်ဒန် ဇူလိုင် ၁၆**

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ယူရို ၂၀၂၄ ပြိုင်ပွဲအပြီးတွင် အင်္ဂလန်အသင်း နည်းပြရာထူးမှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

အသက် ၅၃ နှစ်ရှိ နည်းပြဆောက်ဂိတ်သည် ၂၀၁၆ ခုနှစ် မေလအတွင်းက အင်္ဂလန် ယူ-၂၃ အသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် အင်္ဂလန်အသင်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရခြင်းဖြစ်သည်။

နည်းပြ ဆောက်ဂိတ်သည် အင်္ဂလန်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့သည့် သက်တမ်းတစ်လျှောက် အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခြင်းမရှိခဲ့သော်လည်းအဓိကပြိုင်ပွဲကြီးများတွင် အောင်မြင်မှုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တတိယဆု၊ ယူရို ၂၀၂၀ ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်ထိ တက်ရောက်နိုင်ခဲ့သော်လည်း အီတလီအသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

ထို့ပြင် ဂျာမနီနိုင်ငံတွင် ကျင်းပခဲ့သည့် ယူရို ၂၀၂၄ ပြိုင်ပွဲတွင်လည်း အုပ်စုအဆင့်တွင် ရလဒ်မကောင်းခဲ့သော်လည်း ရှုံးထွက်အဆင့်ပွဲစဉ်များတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ အသင်းကို နှစ်ကြိမ်ဆက် ဗိုလ်လုပွဲအဆင့်ထိ တက်ရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ သော်လည်း စပိန်အသင်းကို ရှုံးနိမ့်ပြီး ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

အင်္ဂလန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က နည်းပြဆောက်ဂိတ်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုပြီး လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲထိ တာဝန်ပေးအပ်သော်လည်း နည်းပြဆောက်ဂိတ် ကိုယ်တိုင်က အသင်းနှင့် လမ်းခွဲရန်သာဆုံးဖြတ်ခဲ့ပြီး နည်းပြရာထူးမှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**



# British Open ချန်ပီယံဆုအား ကာကွယ်သွားမည်ဟု ဘရိုင်ယန်ဟားမန်းပြောကြား

**ထရွန်း ဇူလိုင် ၁၆**

စကော့တလန်နိုင်ငံ ထရွန်းမြို့တွင်ကျင်းပမည့် British Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဘရိုင်ယန်ဟားမန်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး လက်ရှိချန်ပီယံဆုကို ကာကွယ်သွားနိုင်ရေး ပြင်ဆင်နေကြောင်း ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဘရိုင်ယန်ဟားမန်း သည် ၂၀၂၄ ခုနှစ်အတွင်း အောင်မြင်မှုရရှိရေးအတွက် ကြိုးစားပြင်ဆင်နေသကဲ့သို့ British Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဆုအား ကာကွယ်နိုင်ရေးမှာ ၎င်း၏ အဓိကပစ်မှတ်တစ်ခုဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဘရိုင်ယန်ဟားမန်းက "ကျွန်တော်ရခဲ့တဲ့ အောင်မြင်မှုတွေထဲမှာ British Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာရခဲ့တဲ့ အောင်မြင်မှုက အခမ်းနားဆုံးပါပဲ။ ဒါ့အပြင် အားကစား လောကတွေထဲမှာလဲ ဒီဆုဖလားဟာ အခမ်းနားဆုံး ဆုဖလား တစ်ခုဖြစ်တယ်လို့ ကျွန်တော်ထင်တယ်။ ဆုပေးပွဲကျင်းပတဲ့ အခမ်းအနားသာမက ပြိုင်ပွဲနဲ့ပတ်သက်တဲ့ အရာအားလုံးက ကြီးကျယ်လှပါတယ်။ ဒီလိုပြိုင်ပွဲမျိုးမှာ ချန်ပီယံဖြစ်ခွင့်ရထားတာ ကျွန်တော့်အတွက် ဂုဏ်ယူဝမ်းမြောက်စရာဖြစ်ပါတယ်။ ဒီနှစ်မှာတော့ လက်ရှိချန်ပီယံတစ်ယောက်အနေနဲ့ ပါဝင်ယှဉ်ပြိုင်ခွင့်ရတော့မဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်တဲ့အတွက် ခက်ခဲတဲ့ ပြိုင်ပွဲတစ်ပွဲဖြစ်တယ်ဆိုတာကတော့ ခွင်းချက်မရှိပါဘဲ။ ကျွန်တော့်အနေနဲ့ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်အောင် ပြင်ဆင်ထားတယ်။ အကောင်းဆုံးလုပ်ပြနိုင်လိမ့်မယ်လို့လဲ ယုံကြည်ပါတယ်။ ၂၀၂၄ ခုနှစ် ဂေါက်သီးရိုက်ရာသီမှာ ကျွန်တော်အလိုချင်ဆုံးသော ဆုဖလားကတော့ British Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုဖလားပဲဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# သက်သေခံပစ္စည်းစီမံခန့်ခွဲမှုအကြောင်း သိကောင်းစရာ

စိန်လှိုင်ဖိုလ်



ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တစ်နှစ်လျှင်တစ်ကြိမ် ပုံနှိပ်ထုတ်ဝေသော တရားစီရင်ထုံးများ စာအုပ်ပါ စီရင်ထုံးအသီးသီးသည် အဆင့်ဆင့်သော တရားရုံး၊ တရားခွင်တွင် သိသင့်သိထိုက်သော ဥပဒေများကို ညွှန်ပြပါသည်။ ဥပဒေဗဟုသုတများစွာ ရရှိပါသည်။ တရားစီရင်ထုံးများ ၂၀၂၂ တွင်ပါရှိသည့် စီရင်ထုံးတစ်ခုကိုဖတ်ရှုမိရာ လွန်စွာစိတ်ဝင်စားဖွယ်ကောင်းသည့်အပြင် ပြည်သူများသိသင့်သိထိုက်သည့် "သက်သေခံပစ္စည်းစီမံခန့်ခွဲခြင်း" အကြောင်းကို စီရင်ထုံးဖွဲ့ထားသည့် အမှုတစ်ခုအကြောင်းကို တင်ပြရေးသားလိုပါသည်။ **ဒေါက်တာသန်းထွဋ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု ၂၀၂၂ ခုနှစ်၊ ရာဇဝတ် အထူးအယူခံမှုအမှတ်-၂** ဖြစ်ပါသည်။

သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ လက်ခံကျင့်သုံးလျက်ရှိသော အခြေခံမူတစ်ရပ်မှာ ပြစ်မှုမမြောက်လျှင် ထိုသက်သေခံတင်ပြသောပစ္စည်းကို ပစ္စည်းတင်ပြသူထံ ပြန်လည်ပေးအပ်ရန် ဖြစ်သည်။ အဆိုပါမူမှာ အနီးစပ်ဆုံးဖြင့် မျှတမှုသို့ရောက်ရှိစေရန်နှင့် မျှတမှုကို အနီးစပ်ဆုံးပေးစွမ်းနိုင်အောင် စဉ်းစားပေးထားခြင်းပင်ဖြစ်သည်။ သို့သော် အခါခပ်သိမ်းထိုသို့ လိုက်နာကျင့်သုံးရန်မဟုတ် ပုံသေကားကျ တွေးခေါ်ရန်မဟုတ်၊ အမှုများသည် တစ်မှုနှင့်တစ်မှု ထပ်တူကျနိုင်မည်မဟုတ်သဖြင့် အမှုသွား အမှုလာအရ ထူးခြားသောအကြောင်းကိစ္စရပ်များလည်း ပေါ်ပေါက်နိုင်ပေသည်။ ထိုကဲ့သို့ **ထူးခြားသော အကြောင်းကိစ္စများကို ခြွင်းချက်ပြုစဉ်းစားပေးရမည်ဖြစ်သည်။ ထိုသို့ ခြွင်းချက်ပြုရခြင်းမှာ တရားရုံးသည် အကြောင်းခြင်းရာအရ မျှတမှုအပေါ် အထောက်အကူပြုရာတွင် ကျယ်ကျယ်ပြန့်ပြန့် ဆင်ခြင်စဉ်းစားနိုင်ရန်ဖြစ်ပါသည်။**

အထက်ဖော်ပြပါစာပိုဒ်မှာ ဒေါက်တာသန်းထွဋ်အမှုအတွက် သက်သေခံပစ္စည်းစီမံခန့်ခွဲခြင်းအပေါ် အထူးအယူခံရုံးတော်က ဆင်ခြင်သုံးသပ်ချက်တစ်ရပ်ဖြစ်ပါသည်။ အမှုမှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် ရာဇဝတ်ကြီးမှုအမှတ်-၁ တွင် ဒေါက်တာသန်းထွဋ်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ-၅၆ အရ ထောင်ဒဏ်လေးနှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။ အဆိုပါအမိန့်အပေါ် တရားခံ ဒေါက်တာသန်းထွဋ်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၂၁ ခုနှစ် ရာဇဝတ်အယူခံမှုအမှတ်-၂၃ ဖြင့် လျှောက်ထားခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်တွင် **သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲသည့်အမိန့် ချမှတ်ခဲ့ခြင်းမရှိပါ။** ဥပဒေရေးရာဝန်ကြီးဌာနက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၂၁ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ်-၁၀၇ (ခ)ဖြင့် တင်သွင်းပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အဆိုပါအမှုနှစ်မှုစလုံးကို တစ်ပေါင်းတည်းကြားနာ၍ ဒေါက်တာသန်းထွဋ် တင်သွင်းသော ရာဇဝတ်အယူခံမှုကို ပလပ်ပါသည်။ ဥပဒေရေးရာဝန်ကြီးဌာနက တင်သွင်းသော ရာဇဝတ်ပြင်ဆင်မှုကို တစ်စိတ်တစ်ဒေသခွင့်ပြုပြီး သက်သေခံ(ဈ)ရှာဖွေပုံစံပါ ပုဗ္ဗသီရိမြို့နယ် မီးလောင်ကုန်း ရွာသစ်ကျေးရွာရှိ မြေ ၁ ဒသမ ၃၇ ဧကရှိ မြေတစ်ကွက်အပါအဝင် အမှတ်စဉ်(၁)မှ အမှတ်စဉ်(၂၂) ထိ သတ်မှတ်ဖော်ပြထားသည့်ပစ္စည်းများအားလုံးကို လည်းကောင်း၊ သက်သေခံ(ဇ)ရှာဖွေပုံစံပါ ဒက္ခိဏသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်၊ အမှတ်(အေ-၁၆၈) မြေကွက်တစ်ကွက် အပါအဝင်ဖြစ်သော တစ်ထပ်တိုက်တစ်လုံး၊ ကားဂိုဒေါင်တစ်လုံးနှင့် ပူးတွဲစာရင်း အမှတ်စဉ် (၁) မှ (၄၀) ထိပါရှိသော ပစ္စည်းများတွင် အမှတ်စဉ်(၁)၊ အမှတ်စဉ်(၂)၊ အမှတ်စဉ်(၉)၊ အမှတ်စဉ် (၁၀)၊ အမှတ်စဉ်(၂၀) သက်သေခံ(ည) ရှာဖွေပုံစံ အမှတ်စဉ်(၂)၊ အမှတ်စဉ်(၃)၊ အမှတ်စဉ်(၅) သက်သေခံ(ဏ)ရှာဖွေပုံစံပါ ဆိုနီအမျိုးအစား ၅၅ လက်မ TV တစ်လုံးတို့ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန်နှင့် ကျန်ရှိသည့်သက်သေခံပစ္စည်းများကို မူလရုံးတရားခံ ဒေါက်တာသန်းထွဋ်ထံ ပြန်လည်ထုတ်ပေးစေရန် အမိန့်ချမှတ်ခဲ့ပါသည်။

မူလရုံးတရားခံက အထူးအယူခံဝင်ခွင့်ရရှိရန်အတွက် ၂၀၂၂ ခုနှစ် ရာဇဝတ်အထွေထွေလျှောက်လွှာ (အထူး) အမှတ် (၁) ဖြင့် တင်သွင်းရာ-

ပုဗ္ဗသီရိမြို့နယ် ရွာသစ်ရှိ မြေကွက်အပါအဝင် ၎င်းနှင့်သက်ဆိုင်သော ပစ္စည်းများနှင့်ပတ်သက်၍ မူလမန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်က တရားခံအပေါ် စွဲချက်တင်ဖြေရှင်းစေခဲ့ခြင်းမရှိသည့် အမိန့်အပေါ် အထက်တရားရုံးအဆင့်ဆင့်က အတည်ပြုထားခြင်း၊ အဆိုပါပစ္စည်းများနှင့်စပ်လျဉ်း၍ မူလရုံးက တရားခံအပေါ် ပြစ်မှုထင်ရှားစီရင်ထားမှုမရှိခြင်း စသည့်အခြေအနေတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အဆိုပါပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မျှတမှန်ကန်မှု ရှိ၊ မရှိ ဟူသော ပြဿနာကို ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့ပါသည်။

အမှုမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်သည် ဓာတ်ခွဲခန်း အဆောက်အအုံနှစ်လုံးနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ရုံး (၁၂)ခုတို့ကို တင်ဒါအောင်မြင်၍ ဆောက်လုပ်ခွင့်ရရှိခဲ့သည့် ရဲတိုက်မြို့တော်ကုမ္ပဏီနှင့် မိတ်ဖက်ကုမ္ပဏီများကိုပိုင်ဆိုင်သည့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ မြေကွက်ပေါ်မှ ဆောက်လုပ်ဆဲနေအိမ်အတွက် ငွေ ၅၀၄၆၆၉၇၆ ကျပ်တန်ဖိုးရှိ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်အသုံးအဆောင်ပစ္စည်းများ၊ ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာ အနောက်ဘက်ရှိ မြေကွက်ပေါ်တွင် ငွေကျပ် ၁၀၀၉၇၂၈၁၀ တန်ဖိုးရှိ နေအိမ်၊ ဂိတ်တဲ၊ ရေကူးကန်၊ ရေပန်းများကိုလုပ်ပိုင်ခွင့်အာဏာအလွဲသုံးစားပြု၍ တောင်းဆိုကမ်းလှမ်းခဲ့ရာ ရဲတိုက်မြို့တော်ကုမ္ပဏီနှင့် မိတ်ဖက်ကုမ္ပဏီများက ဆောင်ရွက်ပေးခဲ့ခြင်းအပေါ် လက်ခံခဲ့သဖြင့် ဦးသန်းဇော်ဝင်း စစ်ဆေးရေးမှူး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး (နေပြည်တော်) က ဥပဒေအရအရေးယူရန် ဇဗ္ဗူသီရိမြို့မရဲစခန်းသို့ တိုင်ချက်ရေးဖွင့်သောအမှုဖြစ်ပါသည်။

**အထူးအယူခံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အမှုတွင် သက်သေခံ(ဈ) ရှာဖွေပုံစံဖြင့် သိမ်းဆည်းထားသော ပုဗ္ဗသီရိမြို့နယ် မီးလောင်ကုန်း ရွာသစ်ကျေးရွာရှိ မြေ ၂ ဒသမ ၃၇ ဧကရှိ မြေကွက်အပါအဝင် အမှတ်စဉ်(၁)မှ (၂၂)ထိ ပစ္စည်းများမှာ ဦးနေလင်း (လိုပြ-၄)က ဒေါက်တာသန်းထွဋ်ပိုင်ဆိုင်သော ပစ္စည်းများဖြစ်ကြောင်း ပြောဆို၍ အပ်ပေးထားသော ပစ္စည်းများဖြစ်သည်ကို ဦးစွာစိစစ်ခဲ့ပါသည်။

ယခုအမှုတွင် တရားရုံးသို့တင်ပို့လာသော သက်သေခံ(ဈ)ဖြင့် သိမ်းဆည်းထားသည့် ပုဗ္ဗသီရိမြို့နယ် ရွာသစ်ရွာရှိ မြေကွက်အပါအဝင် ၎င်းနှင့် သက်ဆိုင်သောပစ္စည်းများသည် ပြစ်မှုထင်ရှားကျူးလွန်ရာတွင် ပါဝင်ခြင်းမရှိစေကာမူ တရားရုံးက စီမံခန့်ခွဲသည့် အမိန့်ချမှတ်နိုင်သည်မှာ ထင်ရှားကြောင်း ဆက်လက်၍ **ပြစ်မှုထင်ရှားကျူးလွန်ရာတွင် ပါဝင်ခြင်းမရှိသော အဆိုပါပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် စီမံခန့်ခွဲခြင်းသည် ဥပဒေနှင့် ညီညွတ်မှုရှိ၊မရှိ အထူးအယူခံရုံးတော်က ဆက်လက်စိစစ်ခဲ့ပါသည်။**

ဒေါ်ခင်စုပါ ၂ နှင့် ဦးအုန်းမောင်ပါ ၅ အမှုတွင်လည်း အချင်းဖြစ်သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ပြစ်မှုမမြောက်လျှင် ထိုသက်သေခံတင်ပြသော ပစ္စည်းကို တင်ပြသူထံပြန်လည်ပေးအပ်ရန်ဖြစ်သော်လည်း **အထူးအကြောင်းခြင်းရာရှိက ပြန်လည်ပေးအပ်ရန်မဟုတ်ဟု ညွှန်ပြထားသည်ကို** ဖော်ထုတ်ညွှန်ပြခဲ့သည်။ ယခုအမှုတွင် လိုပြ-၄ ဦးနေလင်းက သက်သေခံ-ဈ ရှာဖွေပုံစံဖြင့် အပ်ပေးထားသော ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာရှိ မြေကွက်နှင့် ပစ္စည်းများမှာ ဒေါက်တာသန်းထွဋ်က ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သောပစ္စည်းများအဖြစ် အပ်ပေးခဲ့ခြင်းသာဖြစ်၍ ဦးနေလင်းနှင့် သက်ဆိုင်သော ပစ္စည်းမဟုတ်ဟုသာ ကောက်ယူရမည်ဖြစ်ကြောင်း အထူးအယူခံရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

သို့ဖြစ်၍ အဆိုပါသက်သေခံပစ္စည်းများမှာ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခြင်းမရှိဟု ပေါ်ပေါက်စေကာမူ သက်သေခံပစ္စည်းပေးအပ်သူ လိုပြ-၄ ဦးနေလင်းထံ ပြန်လည်ပေးအပ်ရန် အကြောင်းလည်း ပေါ်ပေါက်ခြင်းမရှိနိုင်ပေ။ တစ်ဖက်တွင်လည်း တရားခံ ဒေါက်တာသန်းထွဋ်ကိုယ်၌ကပင် အဆိုပါပစ္စည်းများမှာနှင့် ဆက်စပ်မှုမရှိကြောင်း ငြင်းဆိုထားပြီးဖြစ်သည်ကို စိစစ်ဖော်ထုတ်ခဲ့ပါသည်။

သို့ဖြစ်၍ ယခုအမှုတွင် ဖြစ်ပေါ်နေသော အခြေအနေမှာ **"အထူးအကြောင်းခြင်းရာ"** သို့မဟုတ် **"ထူးခြားသောအခြေအနေ"** ဟု ကောက်ယူနိုင်လောက်အောင် ပေါ်ပေါက်နေသည်ဖြစ်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က **ဤကဲ့သို့ ထူးခြားသော အခြေအနေတွင် အဆိုပါပစ္စည်းများကို အများပြည်သူ အကျိုးငှာ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းက သင့်မြတ်လျော်ကန်မှုရှိမည်ဖြစ်သည်။ ၎င်းမှာ အမှုနှင့်သက်ဆိုင်နေသူများကို ထိခိုက်နစ်နာစေရန် အကြောင်းရှိသည်ဟု မဆိုသာချေ**ဟု သုံးသပ်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းသည် ယခုအမှုတွင် ပေါ်ပေါက်နေသော ထူးခြားသည့်အကြောင်းခြင်းရာအပေါ် တရားရုံး၏ အခွင့်အာဏာကို ကျယ်ကျယ်ပြန့်ပြန့် ဆင်ခြင်စဉ်းစားပြီး ဥပဒေနှင့်အညီ အဆုံးအဖြတ်ပြုခဲ့ခြင်းသာဖြစ်ကြောင်း အထူးအယူခံရုံးတော်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်ကို သဘောတူလက်ခံခဲ့ပါသည်။

သို့ဖြစ်၍ အရေးယူလောက်သော ဥပဒေပြဿနာအပေါ် "ပုဗ္ဗသီရိမြို့နယ် ရွာသစ်ရှိ မြေကွက်အပါအဝင် ၎င်းနှင့်သက်ဆိုင်သော ပစ္စည်းများနှင့်ပတ်သက်၍ မူလမန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်က တရားခံအပေါ် စွဲချက်တင်ဖြေရှင်းစေခဲ့ခြင်းမရှိသည့်အမိန့်အပေါ် အထက်တရားရုံးအဆင့်ဆင့်က အတည်ပြုထားခြင်း၊ အဆိုပါပစ္စည်းများနှင့်စပ်လျဉ်း၍ မူလ ရုံးက တရားခံအပေါ် ပြစ်မှုထင်ရှားစီရင်ထားမှုမရှိခြင်း စသည့်အခြေအနေတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အဆိုပါပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မျှတမှန်ကန်မှုရှိကြောင်း" အထူးအယူခံရုံးတော်ကဖြေဆို၍ အထူးအယူခံမှုကို ပလပ်လိုက်ပါသည်။

သက်သေခံပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဥပဒေလောကသားများအားလုံး သိရှိလိုက်နာကြနိုင်စေရန် ၂၀၂၂ ခုနှစ်၊ ရာဇဝတ်အထူးအယူခံမှု-၂ ကို ရည်ညွှန်းကိုးကား ရေးသားဖော်ပြလိုက်ရပါသည်။

❖ သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ လက်ခံကျင့်သုံးလျက်ရှိသော အခြေခံမူတစ်ရပ်မှာ ပြစ်မှုမမြောက်လျှင် ထိုသက်သေခံတင်ပြသော ပစ္စည်းကို ပစ္စည်းတင်ပြသူထံ ပြန်လည်ပေးအပ်ရန်ဖြစ်သည်။ အဆိုပါမူမှာ အနီးစပ်ဆုံးဖြင့် မျှတမှုသို့ရောက်ရှိစေရန်နှင့် မျှတမှုကိုအနီးစပ်ဆုံးပေးစွမ်းနိုင်အောင် စဉ်းစားပေးထားခြင်းပင်ဖြစ်သည်။ သို့သော် အခါခပ်သိမ်း ထိုသို့လိုက်နာကျင့်သုံးရန်မဟုတ် ပုံသေကားကျတွေးခေါ်ရန်မဟုတ်၊ အမှုများသည် တစ်မှုနှင့်တစ်မှု ထပ်တူကျနိုင်မည်မဟုတ်သဖြင့် အမှုသွားအမှုလာအရ ထူးခြားသောအကြောင်းကိစ္စရပ်များလည်း ပေါ်ပေါက်နိုင်ပေသည်။ ❖

# မြွေဝင်စားတဲ့မိန်းကလေး ဇာတ်လမ်းကို HEY Play Application နှင့် HEY Play YouTube Channel မှ ထုတ်လွှင့်သွားမည်




**ရန်ကုန် ဇူလိုင် ၁၆**

ဆောင်းနှင်းရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မြွေဝင်စားတဲ့ မိန်းကလေး ဇာတ်လမ်းကို ဇူလိုင်လတတိယပတ်အတွင်း HEY Play Application နှင့် HEY Play YouTube Channel မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ဘုဏ်းသန့်အိမ်က ပြောပြ၍ သိရသည်။

မြွေဝင်စားတဲ့ မိန်းကလေး ဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းကို မြတ်ထည်က ရေးသားထားပြီး မြတ်ထည်နှင့် မင်းခိုင်(ရွှာ)တို့က ဇာတ်ညွှန်း ရေးသားထားပြီး ဒါရိုက်တာ ဘုဏ်းသန့်အိမ်က ဆောင်းနှင်းရည် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ကျေးလက်တောရွာလေး တစ်ရွာက အနှိမ်ခံမိန်းမသားတစ်ယောက်ရဲ့ဘဝအမောတွေနဲ့ မြွေဝင်စားတဲ့ မိန်းကလေးတစ်ယောက်ရဲ့ လျှို့ဝှက်ဆန်းကြယ် ဘဝဖြစ်ရပ်မှန်တွေကို တင်ပြထားတာဖြစ်ပါတယ်။ တစ်ပိုင်းထဲအပြီး ဇာတ်လမ်းဖြစ်ပါတယ်။ HEY Play Application နဲ့ HEY Play YouTube Channel ကနေ ဒီဇူလိုင်လအတွင်းမှာ ထုတ်လွှင့်ပြသပေးမှာဖြစ်ပါတယ်" ဟု ဒါရိုက်တာ ဘုဏ်းသန့်အိမ်က ပြောပြသည်။

မြွေဝင်စားတဲ့မိန်းကလေး ဇာတ်လမ်းတွင် သရုပ်ဆောင် ကောင်းစေမင်း၊ နန်းဆုသဇင်၊ စပါယ်မိုး၊ ကျောက်ရိုင်း၊ အောင်မြတ်၊ ထက်နဒီနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Toad ဟာသရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ အဒမ်ရက်ကင်း ရိုက်ကူးမည်

**နယူးယောက် ဇူလိုင် ၁၆**

Toad အမည်ရှိ ဟာသရုပ်ရှင် ဇာတ်ကားသစ်ကို ရိုက်ကူးရေး အတွက် ကမ္ဘာကျော်ဒါရိုက်တာ အဒမ်ရက်ကင်းက စီစဉ်နေကြောင်း ဇူလိုင် ၁၅ ရက် သတင်းများအရ သိရသည်။

Toad ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ အဒမ်ရက်ကင်းကပင် ဇာတ်ညွှန်းရေးဆရာ ပီယတ်အက်ဝေါ့နှင့် ပူးတွဲရေးသားမည်ဖြစ်သည်။


Toad ဇာတ်ကားသည် မူးယစ်ဆေးဝါး မှောင်ခိုသယ်ယူသူဘဝ ရောက်ခဲ့ရသည့် လူငယ်နှစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဂျိမ်းပက်စတန်က အဓိက ဇာတ်ကောင်လူငယ်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

ဒါရိုက်တာ အဒစ်ရက်ကင်းသည် မကြာသေးမီကမှ The Last Train to Fortune အမည်ရှိ မြင်းစီး သေနတ်သမားလောက နောက်ခံရုပ်ရှင်ဇာတ်ကားသစ်ကို အပြီးသတ်ရိုက်ကူးပေးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် Toad ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**




# စိတ်ကကြိုး ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လတွင် ရုံတင်ပြသမည်ဖြစ်




**ရန်ကုန် ဇူလိုင် ၁၆**

FRENZO Film Production က ရိုက်ကူးထုတ်လုပ်သည့် စိတ်ကကြိုး ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည် ဖြစ်ကြောင်း သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြ၍ သိရသည်။

စိတ်ကကြိုး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို သက်ဦးမောင်က ရေးသားထားပြီး ရိုက်ကွင်းဇာတ်ညွှန်းကို လွင်မင်းအုံ့က ရေးသားပေးထားကာ ဒါရိုက်တာ ဩရသက ရိုက်ကူးထားခြင်းဖြစ်သည်။

"စိတ်ဒဏ်ရာတွေနဲ့ ရုန်းကန်နေရတဲ့ ရန်မခဆိုတဲ့ လူတစ်ယောက်နေရာက သရုပ်ဆောင်ထားပါတယ်။ ရန်မခဆိုတဲ့ ကောင်လေးက နိုင်ငံကျော် မင်းသမီးလေးကို အရူးအမူးစွဲလမ်းမိတဲ့အခါ ဘယ်လိုတွေဖြစ်မလဲဆိုတော့ ရုံတင်ပြသရင် ပရိသတ်အမြင်နဲ့ ထပ်တူကျမလား ဆိုတာ ဝေဖန်သုံးသပ်ပေးစေချင်ပါတယ်။ ကောင်မလေးတစ်ယောက်ကို စွဲစွဲလမ်းလမ်းချစ်မိခဲ့တဲ့ အချစ်ရူးတစ်ယောက်ပုံစံ၊ ကံကြမ္မာရဲ့ အကျီစားသန်မှုတွေကို စိတ်ရဲ့ ကကြိုးတွေနဲ့ ပြန်ဖျော်ဖြေတဲ့ စန္ဒရားဆရာလေးအနေနဲ့ မြင်တွေ့ရမှာဖြစ်ပါတယ်"ဟု သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြသည်။

စိတ်ကကြိုး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ရဲအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ နေထွဋ်၊ ညီနန္ဒ၊ ထူးသာ၊ မျိုးသန္တာထွန်း၊ ခင်ဝင့်ဝါ၊ ထွန်းပုလဲရတနာ၊ မေပန်းချီ၊ စိုးမိုးကြည်၊ ပိုးဝတီသာနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Possession ဇာတ်ကား ပြန်လည်ရိုက်ကူးရန် ဒါရိုက်တာ ပတ်ကားဖင်းနှင့် ဆွေးနွေးမှုပြုလုပ်နေ

**နယူးယောက် ဇူလိုင် ၁၆**

Paramount ရုပ်ရှင်ကုမ္ပဏီသည် Possession ဇာတ်ကားကို ပြန်လည်ရိုက်ကူးရန်အတွက် ဒါရိုက်တာ ပတ်ကားဖင်းနှင့် အပြီးသတ် ဆွေးနွေးမှုများပြုလုပ်နေကြောင်း ဇူလိုင် ၁၅ ရက် သတင်းများအရ သိရသည်။

ထို့ပြင် Paramount ကုမ္ပဏီသည် ၎င်းဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် မင်းသားရောဘတ်ပက်တင်ဆန်နှင့်လည်း အပြီးသတ်ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

Possession ဇာတ်ကားသည် ပိုလန်ဒါရိုက်တာ အန်းဒရက်ဇူလောစကီ၏ Possession(1981) ကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ထိတ်လန့်သည်းဖိုဇာတ်ကားဖြစ်သည်။

Possession ဇာတ်ကားသစ်အတွက် အပြီးသတ် သဘောတူညီချက်ရခဲ့ပါက ဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ ပက်ကားဖင်းကပင် ရေးသားပေးရမည်ဖြစ်သည်။

ဒါရိုက်တာ ပတ်ကားဖင်းသည် Paramount ကုမ္ပဏီ၏ Smile လျှို့ဝှက်သည်းဖိုဇာတ်ကားကို ရိုက်ကူးပေးခဲ့ပြီး Smile-2 ကိုလည်း ထပ်မံရိုက်ကူးရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# The Shoe ဇာတ်လမ်းတွဲကို W Entertainment မှ ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဇူလိုင် ၁၆**

The Shoe ဇာတ်လမ်းတွဲကို HD Quality ဖြင့်ဇူလိုင်လတတိယပတ်အတွင်း W Entertainment မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို ဖန်တီးပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ Eric Linn က ပြောပြ၍ သိရသည်။

အဆိုပါဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို Skyward Art Teams က ရေးသားထားပြီး ဒါရိုက်တာ Eric Linn က တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ပရိသတ်ကို စစ်မှန်တဲ့ ရသတွေကိုပဲပေးစွမ်းချင်တဲ့ W Entertainment က The Shoe ဆိုတဲ့ ဇာတ်လမ်းတွဲလေးကို မကြာခင်မှာ ပရိသတ်တို့ဆီ ပို့ပေးဖို့ရှိပါတယ်။ တစ်ခါက ဖိနပ်လှလှလေးတွေ ဖန်တီးရတာကို ရူးသွပ်တဲ့ကောင်မလေး တစ်ယောက်ရှိခဲ့ဖူးတယ်။ ဒီဖိနပ်လေးတွေကြောင့် ပျော်ရွှင်ရတယ်။ ဒီဖိနပ်လေးတွေကြောင့် ဝမ်းနည်းရတယ်။ ဒီဖိနပ်လေးတွေကြောင့်ပဲ မမျှော်လင့်ထားတဲ့အဖြစ်ဆိုးတစ်ခုကို ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့အခါမှာတော့ ဘယ်လိုတွေဖြစ်လာမလဲ။ ပရိသတ်အကြိုက်တွေနဲ့ ထပ်တူကျအုံးမှာလားဆိုတာကိုတော့ စောင့်ကြည့်ပေးကြပါအုံး"ဟု ဒါရိုက်တာ Eric Linn က ပြောပြသည်။




The Shoe ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် လွန်းခြယ်၊ ပန်းဝတ်မှုန်၊ မေမြန်မာ၊ နဒီရွှေရည်နှင့် အခြား အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားပြီး W Entertainment မှ ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း သိရသည်။ ASH

# State Administration Council of Republic of Union of Myanmar holds Waso robe offering ceremony 2024




Senior General Min Aung Hlaing, Daw Kyu Kyu Hla and the congregation listen to the sermon by Sayadaws.

**Nay Pyi Taw July 16**

The Waso robe offering ceremony 2024 of the State Administration Council of the Republic of the Union of Myanmar took place at Sasana Maha Beikman in the precinct of Uppatasanti Pagoda in Nay Pyi Taw Council Area this morning, attended by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, who offered Waso robes and alms.

Present to pay respects to 27 Sayadaws led by Ovadacariya Sayadaws of Uppatasanti Pagoda Board of Trustees led by Chairman of the State Sangha Maha Nayaka Committee Patron of Thanlyin Minkyaung Pathamapyan Sarthintaik in Thanlyin, Yangon Region, Sayadaw Agga Maha Pandita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candima Bhivamsa, and Secretary of SSMNC Patron of Masoeyein Taikthit, Mandalay, Sayadaw of Dhammamiddhi Monastery Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhamma Kathika Bahujana Hitadhara Bhaddanta Vasethabhivamsa were the Senior General and wife, Vice Chairman of SAC Deputy Prime Minister Vice-Senior General Soe Win, the Secretary of SAC and wife, the Joint Secretary of SAC and wife, members of SAC and wives, union-level dignitaries, union ministers and wives,

*See Page 13*



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer Waso robe and alms to the Thanlyin Minkyaung Sayadaw.



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer meals to Sayadaws.



Vice-Senior General Soe Win offers Waso robe and alms to the Masoeyein Taikthit Sayadaw.



A Sayadaw accepts Waso robe and alms.


A Sayadaw accepts Waso robe and alms.


A Sayadaw accepts Waso robe and alms.

*From Page 12*
the Chairman of Nay Pyi Taw Council, senior military officers of the Office of Commander-in-Chief and wives, the Commander of Nay Pyi Taw Command and officials.

Firstly, the Senior General paid homage to the Buddha Image inside the Sasana Maha Beikman and offered meals in the emerald alms-bowl, fruits, flowers, water and oil lights to the Buddha Image.

Next, the congregation led by the Senior General and wife received the Five Precepts from the Thanlyin Minkyaung Sayadaw. The congregation meditated on Metta Sutta Paritta recited by Sayadaws.

Then, the Senior General and wife offered Waso robe and alms to the Thanlyin Minkyaung Sayadaw.

The Vice-Senior General offered Waso robe and alms to Masoeyein Taikthit Sayadaw.

The Secretary of SAC and wife, the Joint Secretary of SAC and wife, members of SAC and wives, union level dignitaries, offered Waso robes and alms to the Sayadaws respectively.

Masoeyein Taikthit Sayadaw delivered a sermon, and merits gained were shared. The ceremony came to a close after the three-time recitation of Buddha Sasanam Ciram Tittatu.

After the ceremony, the Senior General and wife and the attendees offered day meal to the monks.

100


A Sayadaw accepts Waso robe and alms.

# Trump secures sufficient delegate votes to formally become Republican Party's nominee


**Former U.S. President Donald Trump attends the Conservative Political Action Conference (CPAC) at National Harbor in Maryland, the United States, Feb. 24, 2024.**

**Milwaukee July 16**

Former President Donald Trump, who has been the presumptive Republican nominee for months, received enough delegate votes on Monday to officially become the party's nominee.

The former president, who survived an attempted assassination two days ago, garnered a majority of votes from delegates at the Republican National Convention in Milwaukee, Wisconsin. He reached the required threshold with votes from Florida, which were announced by his son Eric Trump.

Trump will lead the Republican Party through a third consecutive election, following his victory against Hillary Clinton in 2016 and his defeat to current President Joe Biden in 2020.

Earlier on Monday, Trump announced via his social media platform Truth Social that he has chosen Ohio Senator J.D. Vance as his running mate, ending months of speculation on his vice president pick.

Vance, who was elected to the U.S. Senate in 2022 and sworn into office in January 2023, was a fierce Trump critic in 2016 but has since become an ally of the former president.

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ပိုလန်နိုင်ငံက F-35 များ၊ Patriot ဒုံးကျည်များဝယ်ယူရန် ဒေါ်လာနှစ်ဘီလီယံချေးယူမှုကို အမေရိကန်အတည်ပြု



F-35 တိုက်လေယာဉ်များနှင့် အမေရိကန်ထုတ် အခြားကာကွယ်ရေးစနစ်များ ဝယ်ယူရေးအတွက် ပိုလန်နိုင်ငံသို့ ဒုတိယအကြိမ် နိုင်ငံခြားစစ်ဘက်ချေးငွေကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုလိုက်ပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ တန်ဖိုးရှိသော ချေးငွေသဘောတူညီချက်သည် ဒေသတွင်းတွင် မြင့်တက်လာနေသည့် ခြိမ်းခြောက်မှုများကို တုံ့ပြန်ဖြေရှင်းနိုင်ရန် ပိုလန်နိုင်ငံ(ဝါဆော)၏ စစ်ဘက်ခေတ်မီရေးကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

အဆိုပါကြေညာချက်အရ ပိုလန်နိုင်ငံသည် Patriot လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များနှင့် Abrams ပင်မတိုက်ပွဲဝင်တင့်ကားများအပါအဝင် Lockheed Martin ကုမ္ပဏီထံမှ (အရေအတွက်အတိအကျမသိရ) F-35 ဂျက်တိုက်လေယာဉ်များကို ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ပိုလန်သည် အမေရိကန်ထံမှ ၎င်း၏ ပထမဆုံး စစ်ဘက်ဆိုင်ရာချေးငွေကို ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ထုတ်ယူခဲ့ပြီး အမေရိကန်ဒေါ်လာ နှစ်ဘီလီယံအတွက်လည်း လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အမေရိကန်လုပ် စစ်လက်နက်ပစ္စည်းများကို ဝယ်ယူရေးအတွက်သာ သုံးစွဲရမည်ဟု ရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းထားသောကြောင့် ပိုလန်နိုင်ငံမှ ချေးယူထားသော ပမာဏ၏ထက်ဝက်ခန့်သည် လေဘောလုံး (Aerostat)အခြေပြု ကြိုတင်သတိပေးရေဒါစနစ် လေးခုဝယ်ယူရန် လျာထားသည်ဟု သိရသည်။

ပိုလန်နိုင်ငံသည် NATO တွင် ဦးဆောင်နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဥရောပ၏ လုံခြုံရေးအကျိုးစီးပွားအတွက် ဝါဆော၏ ပံ့ပိုးကူညီမှုများကို မီးမောင်းထိုးပြကာ ရေးသားခဲ့သည်။

"လက်ရှိမှာ ကာကွယ်ရေးအတွက် GDP ရဲ့ လေးရာခိုင်နှုန်းကို သုံးစွဲနေတာဖြစ်ပြီး မဟာမိတ်အဖွဲ့ထဲမှာ အမြင့်မားဆုံးဖြစ်ပါတယ်။ ပိုလန်နိုင်ငံမှာအမေရိကန်နဲ့ မဟာမိတ်တပ်ဖွဲ့ဝင်တွေ ထောင်နဲ့ချီ တပ်စွဲထားပါတယ်"ဟု ဖော်ပြပါရှိသည်။

ပိုလန်နိုင်ငံသည် နိုင်ငံ၏စစ်ရေးစွမ်းအားများကို ခိုင်မာအားကောင်းစေရန် အဆင့်မြှင့်တင်ချိန်မှစ၍ ဥရောပနိုင်ငံ NATO အဖွဲ့ဝင်နိုင်ငံများတွင် အလုပ်အရှုပ်ဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ပုံရှိသည်။ ယူကရိန်းပဋိပက္ခဖြစ်ပွားမှုနှင့်အိမ်နီးချင်းနိုင်ငံများတွင် ယူကရိန်းပြီးလျှင် ရုရှား၏ ခြိမ်းခြောက်မှုကို ထိပ်တိုက်ရင်ဆိုင်ရနိုင်ဖွယ်အရှိဆုံး၊ အစိုးရိမ်ရဆုံးနိုင်ငံများထဲတွင် ပါဝင်နေသည်ဟု အမေရိကန်နှင့် NATO မဟာမိတ်အဖွဲ့မှ သတ်မှတ်ထားသည်။

ပိုလန်နိုင်ငံ(ဝါဆော)သည် ယခုအချိန်ထိ ယူကရိန်းနိုင်ငံသို့ စစ်ရေးအကူအညီယူရို ရှစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၈ ဒသမ ၆ ဘီလီယံ) ကျော် ပံ့ပိုးပေးအပ်ခဲ့ပြီး ယူကရိန်းဒုက္ခသည်အရေအတွက် အများဆုံးလက်ခံထားသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ပိုလန်နိုင်ငံနှင့်ပတ်သက်လာလျှင် မိမိတို့နိုင်ငံအကျိုးစီးပွားကို ကာကွယ်ရန်အတွက် နည်းလမ်းအားလုံးကို အသုံးပြုမည်ဟု ပြီးခဲ့သည့်နှစ်က သတိပေးခဲ့ပြီး ယူကရိန်းကိုထောက်ခံမှုသည် ရုရှားနိုင်ငံကိုအန္တရာယ်တစ်ရပ်ဖြစ်စေခဲ့သည်။ မကြာသေးမီက ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပိုလန်တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး WieslawKukula က ဒေသတွင်းတင်းမာမှုများ မြင့်တက်နေသည့်ကြားတွင် နိုင်ငံအနေဖြင့် ဖြစ်ပွားလာနိုင်သော ပဋိပက္ခတစ်ခုအတွက် အလုံးစုံပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ ယနေ့အချိန်တွင် ကျွန်ုပ်တို့သည် ဘက်မညီသော ပဋိပက္ခမဟုတ်ဘဲ အလုံးစုံဦးတည်သွားနိုင်သော ပဋိပက္ခအတွက် တပ်ရင်း၊ တပ်ဖွဲ့များကို တိုက်ပွဲဝင်အသင့်ပြင်ဆင်ထားရန် လိုအပ်သည်။ သို့မှသာ နယ်စပ်ဒေသလုံခြုံရေးနှင့် တပ်ဖွဲ့ဝင်များ လေ့ကျင့်သား ပြည့်ဝစေရေးကိစ္စရပ်များတွင် အင်အားချိန်ခွင်လျှာချိန်ညှိလုပ်ဆောင်သွားနိုင်စေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုနှစ်အစောပိုင်းတွင် ရုရှားသည် NATO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို လာမည့် ၂၀၂၆ ခုနှစ်တွင် တိုက်ခိုက်နိုင်ဖွယ်ရှိကြောင်း ဂျာမနီထောက်လှမ်းရေးအစီရင်ခံစာတွင်သတင်းထုတ်ပြန်ခဲ့သည်။ မည်သည့်နိုင်ငံဖြစ်သည်ကိုမူ အတိအကျထုတ်ဖော်ပြောကြားထားခြင်း မရှိသော်လည်း ပိုလန်နိုင်ငံသည်ဖြစ်နိုင်ခြေရှိသော ပစ်မှတ်အဖြစ်တစ်ဖက်သတ်ယူဆထားကြသည်။

**Poland Borrows Another $2B From US to Buy F-35s, Patriot Missiles ကို ဘာသာပြန်ဆိုထားပါသည်။**

## NATO နိုင်ငံများထံမှ နောက်ထပ်လေကြောင်းရန်ကာကွယ်ရေးစနစ်များ ယူကရိန်းနိုင်ငံသို့ ပံ့ပိုးပေးသွားမည်

၂၀၂၄ ခုနှစ် ဇူလိုင် ၉ ရက်တွင် သမ္မတဂျိုးဘိုင်ဒင်သည် ဝါရှင်တန်ဒီစီရှိ Andrew W. Mellon Auditorium အဆောက်အအုံတွင် ကျင်းပပြုလုပ်ခဲ့သော NATO မဟာမိတ်အဖွဲ့၏ ၇၅ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် ၎င်း၏ မိန့်ခွန်းအတွင်း ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး အမေရိကန်၊ ဂျာမနီ၊ နယ်သာလန်၊ ရိုမေးနီးယားနှင့် အီတလီနိုင်ငံတို့က ယူကရိန်းကို လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နောက်ထပ် လေကြောင်းရန်ကာကွယ်ရေး ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များ ဒါဇင်နှင့်ချီ၍ ယူကရိန်းကို လာမည့်နှစ်အတွင်း ပေးအပ်သွားမည်ဖြစ်ကြောင်း အခြားနိုင်ငံများ၏ရှေ့မှောက်တွင် သမ္မတဘိုင်ဒင်က တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းလည်းဖြစ်သည်။

ယူကရိန်း၏ တောင်းဆိုမှုကိုတုံ့ပြန်သည့်အနေဖြင့် အမေရိကန်သည် ကနဦးတွင် အခြားနိုင်ငံများနှင့်သဘောတူစာချုပ်ချုပ်ဆိုထားသော လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များကို ယူကရိန်းသို့ပြောင်းလဲပေးအပ်သွားမည်ဖြစ်ပြီး အနည်းဆုံး Patriot လက်နက်စနစ် ခုနစ်စုံပါဝင် လာနိုင်မည်ဖြစ်သည်။ NATO ထိပ်သီးအစည်းအဝေးအတွင်း Politico သတင်းဌာနက NATO မဟာမိတ်နိုင်ငံများသည် ယခုနှစ်ကုန်တွင် ယူကရိန်းသို့ နောက်ထပ် Patriot အပါအဝင် အလားတူလေကြောင်းရန်ကာကွယ်ရေးစနစ် ကိုးစုံထိပေးပို့သွားရန် မျှော်မှန်းထားသည်ဟု ရေးသားဖော်ပြထားသည်။ ယူကရိန်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် OlhaStefanishyna က လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် အနည်းဆုံးလေးစုံ ရောက်ရှိလာရန်ရှိကြောင်းနှင့် နောက်ထပ် ငါးစုံထပ်မံပေးပို့သွားရန်လည်း ကြေညာရန်ရှိကြောင်း အတည်ပြုပြောကြားခဲ့သည်။ ၎င်းတို့ထဲတွင် စပိန်နိုင်ငံမှ Patriot လက်နက်စနစ်တပ်ခွဲ တစ်ခွဲနှင့် ဆွီဒင်နိုင်ငံမှ Patriot လက်နက်စနစ်တပ်ခွဲ ဆက်စပ်ပစ္စည်းအစိတ်အပိုင်းများလည်း အပါအဝင်ဖြစ်သည်။

Stefanishyna က မဟာမိတ်များသည် Patriot ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များနှင့် Stinger ပခုံးထမ်းဒုံးကျည်များ ထပ်မံပေးပို့ လွှဲပြောင်းမှုများကိုလည်း ကြေညာနိုင်ဖွယ်ရှိကြောင်း ဖွင့်ဟပြောကြားသွားခဲ့သည်။

သမ္မတဘိုင်ဒင်၏ ဤထုတ်ပြန်ချက်များနှင့် ယခင်သတင်းများအပေါ် အခြေခံ၍ အမေရိကန်နှင့် အနောက်မဟာမိတ်နိုင်ငံများ၏ လတ်တလောလေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များ ခပ်စိပ်စိပ် ပံ့ပိုးပေးအပ်နေမှုများ တွေ့မြင်ခဲ့ရကြောင်း သိရသည်။









ပဋိပက္ခတွင် ရုရှား၏ ဒုံးကျည်အသုံးပြုတိုက်ခိုက်မှုသည် ထိရောက်ခဲ့ပြီး ယူကရိန်းပစ်မှတ်များကို ပဲ့ထိန်းနှင့် ပဲ့ထိန်းမဲ့လေဟုန်စီးဗုံးများ၊ ခရုဇ်ဒုံးကျည်များနှင့် ပဲ့ထိန်းဒုံးကျည်များ ပေါင်းစပ်အသုံးပြုထားသည်။မကြာသေးမီက မိတ်ဆက်ပြသခဲ့သော FAB-3000 M-54 ဗုံးသည် အကြီးစားလေဟုန်စီးဗုံးအမျိုးအစားဖြစ်ပြီး အဖျက်စွမ်းအားပြင်းလက်နက်တစ်ခုဖြစ်သည်။ ထိုသို့သော လေကြောင်းစွမ်းအားကြီးမားသည့် ရုရှားတိုက်စစ်၏ဖိအားများသည် ယူကရိန်းလေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကိုမြှင့်တင်ရန် လိုအပ်ကြောင်း အလေးပေးဖော်ပြသည်။

စစ်ရေးအကူအညီများ အများအပြားရရှိခဲ့သော်လည်း ယူကရိန်း၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များသည် ရုရှား၏ ဒုံးကျည်စစ်ဆင်ရေးများကို တန်ပြန်နိုင်ရန် နိုင်ငံတကာ၏ စဉ်ဆက်မပြတ်ပံ့ပိုးကူညီမှု လိုအပ်နေကြောင်း သိသာလျက်ရှိသည်။

**Ukraine to receive 9 additional air defense systems from NATO countries ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၁၉၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၁၉၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၄၂၂၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၉၂၀ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဝက်လက်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၄၂၂၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၉၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ မုန်လာထုပ် သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်ဖို့ တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်စေဖို့၊ ကျန်းမာရေးနဲ့ကိုက်ညီဖို့ တောင်သူတွေကို စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက် တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်သီးနှံများအောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်းနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေး အသိပညာပေးလျက်ရှိကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ကြံခင်းမြို့နယ် ကျည်တိုင်ကွင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကြံခင်း ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(မူလ)ခွင့်ပြုရန်ပုံငွေဖြင့် ကျည်တိုင်ကွင်း ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးမောင်တင်အောင်၊ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် တာဝန်ခံ အင်ဂျင်နီယာများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျည်တိုင်ကွင်းကျေးရွာ၌တွင်းနက်တူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။



ကြံခင်းမြို့နယ်ကျည်တိုင်ကွင်းကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၅၀၀ရှိ တွင်းနက်တူးဖော်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ အလျား ၁၀ပေ၊ အနံ ၁၀ ပေ၊ အမြင့် လေးပေရှိ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(မူလ)ခွင့်ပြု ရန်ပုံငွေ ကျပ် ၅၆ ဒသမ ၉၅၄ သန်းဖြင့် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၀ ရာခိုင်နှုန်းဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း အဆိုပါလုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျည်တိုင်ကွင်းကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များပါ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**သံသာ**

# မြင်းခြံမြို့နယ် ကျွန်းဦးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြင်းခြံ ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)မတည်ရန်ပုံငွေများ ထုတ်ချေးပေးခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက လင့်ကြီးကျေးရွာအုပ်စု ကျွန်းဦးကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံသို့ မတည်ရန်ပုံငွေကျပ် ၂၄၁ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များက ကျွန်းဦးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ဦးနှင့် အသေးစား စက်မှုလက်မှု လုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို ငွေကြေး အရင်းအနှီးများရရှိစေရန် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ငွေကျပ် ၂၄၁ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ပဉ္စမအကြိမ်မြောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရှိသန်းညွန့်**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၆-၇-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ဧဒွဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၆၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၇၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



## ဝိုင်းဝန်းကူညီနိမ်နင်းဖို့လို

ကျွန်တော် အရင်တစ်ခါ ပြောခဲ့သလိုပဲ နိုင်ငံရေးဘက်က အေးနေပြီးတော့ကာ၊ မဟုတ်တဲ့နေရာမှာ ဆူပူတဲ့ဘက်က ပိုလာသလိုဖြစ်နေပါတယ်လို့ ကျွန်တော် ပြောခဲ့ပါတယ်။ အဲဒီတော့ကာ ဒီလိုမဟုတ်တဲ့နေရာမှာ ဆူပူသောင်းကျန်းမှုတွေကို မြန်မာပြည်ချစ်တဲ့ လူတွေမှန်သမျှ ဝိုင်းဝန်းကူညီနိမ်နင်းဖို့လိုတယ်။ ဘယ်သူ့ကိုမှ အားပေးဖို့ မလိုဘူး။

၁၉၄၇ခုနှစ်၊ ဇူလိုင်လ ၁၃ရက်တွင် မြို့တော်ခန်းမကြီး၌ ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ပြောကြားခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Abhay Thakur အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဇူလိုင် ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Abhay Thakur ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများဖြစ်သည်နှင့်အညီ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်လျက်ရှိသည့်အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရေး၊ စစ်ဘက်ဆိုင်ရာများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သင်တန်းသားများ အပြန်အလှန်စေလွှတ် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်မြင့်သန်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Jaswinder Singh Gill နှင့် အိန္ဒိယတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်လျက်ရှိသည့် IOM ၏လုပ်ငန်းစဉ်များနှင့် နစ်ဖက်ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်တို့အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM)၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Dragan Aleksoski အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဇူလိုင် ၁၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM)၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Dragan Aleksoski အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်လျက်ရှိသည့် IOM ၏လုပ်ငန်းစဉ်များနှင့် နစ်ဖက်ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်တို့အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၆**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Abhay Thakur ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဧည့်ခံတွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် အိန္ဒိယနိုင်ငံသံရုံးတို့မှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Abhay Thakur အား လက်ခံတွေ့ဆုံစဉ်။

# ၁၃၈၆(၂၀၂၄) ခုနှစ် (၃၁)ကြိမ်မြောက် အစိုးရနိကာယ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၂၄ ခုနှစ် (၃၁)ကြိမ်မြောက် အစိုးရနိကာယ်စာမေးပွဲကြီးကို တစ်နိုင်ငံလုံးရှိ ခွင့်ပြုစာဖြေဌာန ၇၄ ဌာနတို့၌ ဇွန် ၇ ရက်မှ ၁၁ ရက်ထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့သည်။

ယင်းစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရန်စာရင်းသွင်းထားသည့် ပုဂ္ဂိုလ် ၁၇၄၄၂ ပါးရှိပြီး ဖြေဆိုသည့်ပုဂ္ဂိုလ်မှာ ၁၂၉၈၄ ပါးဖြစ်၍ ကျမ်းစဉ်အလိုက် အောင်မြင်သူ စုစုပေါင်းမှာ ၇၁၉၂ ပါးဖြစ်ရာ ၅၅ ဒသမ ၃၉ ရာခိုင်နှုန်းအောင်မြင်ကြသည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋကဝိနည်းငါးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၁၄၇၄ ပါး၊ လေးကျမ်းအောင် ၁၀၀၃ ပါး၊ သုံးကျမ်းအောင် ၉၄၄ ပါး၊ နှစ်ကျမ်းအောင်အပါး ၇၇၀၊ တစ်ကျမ်းအောင်အပါး ၁၂၃၀ တို့ဖြစ်ပါသည်။ ဝိနည်းငါးကျမ်းအောင် ၁၄၇၄ ပါးတို့တွင် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင်ပထမရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ် မှော်/၂၀၄ ရှင်ဆန္ဒကိတ္တိ အသက် ၁၆ နှစ် (အဘ) ဦးဇော်ဦး ပင်စိမ်းပင်ရွာ ပင်းတယမြို့နယ် ဖားအောက်တောရစာသင်တိုက် ထောက်ကြန့်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ (ပထမ)
(ခ) ခုံအမှတ် စိန်/၇၆ ရှင်ဝိစာရ အသက် ၂၀ နှစ် (အဘ) ဦးထွန်း အုန်းချောရွာ ပုသိမ်ကြီးမြို့နယ် ရွှာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ (ဒုတိယ)
(ဂ) ခုံအမှတ် စိန်/၁၄၆ ရှင်ပညာဒီပါလင်္ကာရ အသက် ၂၀ နှစ် (အဘ) ဦးအကွေ့ သာမညရွာ ဘားအံမြို့နယ် ရတနာပန်းကုံးကျောင်းတိုက် ရွှေပြည်သာမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ (တတိယ)
(ဃ) သီလရှင် ပထမခုံအမှတ် မရ/၁၄၅ မစန္ဒာသိရီ အသက် ၃၄ နှစ် (အဘ) ဦးသန်းမောင် အင်တောရွာ ရေနံချောင်းမြို့နယ် ရွှေမြိုင်သိရီသီလရှင်စာသင်တိုက် မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။

အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၂၆၅ ပါး၊ နှစ်ကျမ်းအောင် ၁၅၅ ပါး၊ တစ်ကျမ်းအောင် ၁၁၂ ပါးတို့ဖြစ်ပါသည်။ သုံးကျမ်းအောင် ၂၆၅ ပါးတို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ် ပူရ/၁၇ အရှင်ဝိစက္ခဏ အသက် ၃၀ နှစ် (အဘ) ဦးစိန်ငွေး မြောက်ရွာ မြင်းခြံမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက် အမရပူရမြို့နယ် မန္တလေးတိုင်းဒေသကြီး။ (ပထမ)
(ခ) ခုံအမှတ် မဟမ/၁ အရှင်ဝါယာမိန္ဒာလင်္ကာရာဘိဝံသ အသက် ၃၁ နှစ် (အဘ) ဦးမြငွေ ဆယ်ရွာ သုံးခွမြို့ ဓမ္မဒါယာဒကျောင်းတိုက် မစိုးရိမ်တိုက်သစ် မဟာအောင်မြို့နယ် မန္တလေးတိုင်းဒေသကြီး။ (ဒုတိယ)
(ဂ) ခုံအမှတ် ဒဂရ/၂ အရှင်နန္ဒိသေနာလင်္ကာရ အသက် ၂၉ နှစ် (အဘ) ဦးထွန်းအေး ရွာပြားရွာ ပင်းတယမြို့နယ် တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ (တတိယ)

အုပ်စု(၃) မဇ္ဈိမနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၄၉ ပါး၊ နှစ်ကျမ်းအောင် ၈၇ ပါး၊ တစ်ကျမ်းအောင် ၅၆ ပါးတို့ဖြစ်သည်။

အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၃၉ ပါး၊ နှစ်ကျမ်းအောင်အပါး ၂၀၊ တစ်ကျမ်းအောင် ၁၁ ပါးတို့ဖြစ်သည်။

အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၂၇၉ ပါး၊ နှစ်ကျမ်းအောင် အပါး ၁၉၀၊ တစ်ကျမ်းအောင် အပါး ၁၆၀ တို့ဖြစ်ပါသည်။သုံးကျမ်းအောင် ၂၇၉ ပါးတို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ် စက/၂၃ အရှင်ဝေသာရဇ္ဇာလင်္ကာရ အသက် ၂၁ နှစ်(အဘ) ဦးမင်းဆောင် ကွမ်းတောရွာ မြိုင်မြို့နယ် မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ (ပထမ)
(ခ) ခုံအမှတ် စိန်/၁၇ အရှင်ကောလိယာလင်္ကာရ အသက် ၂၀ နှစ် (အဘ) ဦးစံညွန့် တိန်းပန်ရွာ လားရှိုးမြို့နယ် ရွှာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ (ဒုတိယ)
(ဂ) ခုံအမှတ် စက/၂၄ အရှင်ပါမောဇ္ဇ အသက် ၂၁ နှစ် (အဘ) ဦးခင်မောင်စိုး ထန်းတပင်ရွာ ဒက္ခိဏသီရိမြို့နယ် မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ (တတိယ)

အုပ်စု(၆) ခုဒ္ဒကနိကာယ(၁)(သုတ္တန္တပိဋက)ဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် နှစ်ပါး၊ လေးကျမ်းအောင် သုံးပါး၊ သုံးကျမ်းအောင် တစ်ပါး၊ နှစ်ကျမ်းအောင် ငါးပါး၊ တစ်ကျမ်းအောင် ခြောက်ပါးတို့ဖြစ်သည်။

အုပ်စု(၇) ခုဒ္ဒကနိကာယ(၂)(သုတ္တန္တပိဋက)ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် နှစ်ပါး၊ လေးကျမ်းအောင်(-)ပါး၊သုံးကျမ်းအောင် တစ်ပါး၊ နှစ်ကျမ်းအောင် နှစ်ပါး၊ တစ်ကျမ်းအောင် တစ်ပါးတို့ဖြစ်ပါသည်။

အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) (ပထမပိုင်း)နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် ၁၄၇ ပါး၊ တစ်ကျမ်းအောင် ၁၂၂ ပါးတို့ဖြစ်ပါသည်။ နှစ်ကျမ်းအောင် ၁၄၇ ပါးတို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ် မဟမ/၂ အရှင်နန္ဒောဘာသာလင်္ကာရ အသက် ၂၆ နှစ် (အဘ) ဦးသန်းဝင်း နတ်ရေကန်ရွာ ချောင်းဦးမြို့နယ် ဓမ္မဝေဒဂူကျောင်း မစိုးရိမ်တိုက်သစ် မဟာအောင်မြေမြို့နယ် မန္တလေးတိုင်းဒေသကြီး။ (ပထမ)
(ခ) ခုံအမှတ် စိန်/၂ အရှင်ကေတုမာလာလင်္ကာရ အသက် ၂၃ နှစ် (အဘ) ဦးသန်းစိုးနိုင် တောင်တွင်းကြီးမြို့ ရွှာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ (ဒုတိယ)
(ဂ) ခုံအမှတ် စက/၅ ရှင်ပညာစက္ကာလင်္ကာရ အသက် ၂၁ နှစ် (အဘ) ဦးလှကျော် တပ်ပေါင်းရွာ ဆိပ်ဖြူမြို့နယ် မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ (တတိယ)

အုပ်စု(၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) (ဒုတိယပိုင်း)လေးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင် ခြောက်ပါး၊ သုံးကျမ်းအောင် နှစ်ပါး၊ နှစ်ကျမ်းအောင် ခြောက်ပါး၊ တစ်ကျမ်းအောင်(-)ပါးတို့ဖြစ်သည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက)ဝိနည်းအဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် နှစ်ပါး၊ နှစ်ကျမ်းအောင် ရှစ်ပါး၊ တစ်ကျမ်းအောင် ၁၀ ပါးတို့ဖြစ်ပါသည်။

အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက)ဒီဃနိကာယ်အဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် လေးပါး၊ နှစ်ကျမ်းအောင် ငါးပါး၊ တစ်ကျမ်းအောင် သုံးပါးတို့ဖြစ်သည်။

အုပ်စု(၃)မဇ္ဈိမနိကာယ(သုတ္တန္တပိဋက) မဇ္ဈိမနိကာယ်အဋ္ဌကထာ(မဟာဝိဒူတန်း) ဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် အောင်မြင်သူမရှိ။

အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက) သံယုတ္တနိကာယ်အဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် တစ်ပါး၊ နှစ်ကျမ်းအောင် (-)ပါး၊ တစ်ကျမ်းအောင် (-)ပါးတို့ဖြစ်သည်။

အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက)အင်္ဂုတ္တိုရ်အဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် သုံးပါး၊ နှစ်ကျမ်းအောင်(-)ပါး၊ တစ်ကျမ်းအောင် တစ်ပါးတို့ဖြစ်သည်။

အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) အဋ္ဌကထာ(မဟာဝိဒူတန်း)နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် နှစ်ပါး၊ တစ်ကျမ်းအောင်(-)ပါးတို့ဖြစ်သည်။

အုပ်စု(၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) အဋ္ဌကထာ(မဟာဝိဒူတန်း)ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် အောင်မြင်သူ သုံးပါးဖြစ်သည်။

၁၃၈၆ ခုနှစ်(၂၀၂၄ ခုနှစ်) (၃၁)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်းကို ဝိဒူတန်းအုပ်စု(၉)အုပ်စုနှင့် မဟာဝိဒူတန်းအုပ်စု(၇)အုပ်စုတို့တွင် ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်း ၇၁၉၂ ပါးဖြစ်သည်။

၁၃၈၆ ခုနှစ်(၂၀၂၄ ခုနှစ်) (၃၁)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mmနှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mmတို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၁၆**

၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားရုံ၌ ကျင်းပသည်။

ပြိုင်ပွဲသို့နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးမင်းဦး၊ ဦးဟန်သူ၊အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒိုင်အဖွဲ့များ၊ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူ၊နည်းပြများနှင့် အားကစားသမားများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲကိုနေပြည်တော်ကောင်စီဝင် ဦးမင်းဦးက ဖွင့်လှစ်ပေးပြီး ယခုပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတော်ကအားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်လာအောင်ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားကာ အုပ်စုပွဲစဉ်များယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံအသက် ၂၅ နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်ထိ နေပြည်တော် အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး မြို့နယ် ရှစ်မြို့နယ်မှ ပြိုင်ပွဲဝင်အသင်းများ ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်တွင်ကျင်းပမည့် (၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၄ နာရီမှ အခမ်းအနားပြီးဆုံးသည်ထိ အနောက်ရွှေဂုံတိုင်လမ်းကို ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ရွှေဂုံလမ်းကို ဓမ္မစေတီ-ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းကို အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းထိလည်းကောင်း၊ ဦးဝိစာရလမ်းကို ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံထိလည်းကောင်း လမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်သည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ဖွင့်လှစ်ပြသသည့် ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီမှ ည ၆ နာရီထိ နတ်မောက်လမ်းကို ဝင်္ကဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းကို ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းကို ရွှေကြက်ယက်လမ်းနှင့်ဆုံရာမှ လည်းကောင်း လမ်းပိတ်၊လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်သည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီမှ ည ၆ နာရီထိ သိမ်ဖြူလမ်းကို ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံထိလည်းကောင်း၊ အနော်ရထာလမ်းကို ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းကို ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းကို ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်၊လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်သည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်၊လမ်းလွှဲဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉တို့ သို့လည်းကောင်း၊KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

**(သတင်းစဉ်)**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၀၆၊ ၀၁- ၈၃၀၀၀၀၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းနှင့် ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများကို သတင်းထုတ်ပြန်

**၁၆-၇-၂၀၂၄ ည ၈ နာရီ**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက် ည ၆ နာရီမှ ယနေ့ည ၆ နာရီထိ ၂၄ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူလူနာသစ် ၇၄ ဦးရှိခဲ့ပြီး ၎င်းတို့အနက် ငါးဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူလူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ယနေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ ၉၂ ဦးကို ဆေးရုံမှဆင်းခွင့်ပြုခဲ့သဖြင့် ယနေ့ည ၆ နာရီထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သော လူနာစုစုပေါင်း ၇၀၅ ဦးကို ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တိုက်ကြီးမြို့နယ် ပိတောက်တန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များနှင့် ဒေသခံပြည်သူများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တာခွကျေးရွာအုပ်စု ပိတောက်တန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ပိတောက်တန်းကျေးရွာရှိ ရွှေပင်ဝင်းတောရကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၁ ပါး၊ သီလရှင် ၁၅ ပါးနှင့် ဒေသခံပြည်သူ ၁၆၇ ဦးတို့ကို နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ ပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်။



**နေပြည်တော် ဇူလိုင် ၁၆**

ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇူလိုင် ၂၂ ရက်ထိ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အာဇာနည်ဗိမာန်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံပန်ကြားခြင်း

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် လက္ခဏာများဖြစ်ပွားလာပါက အခမ်းအနားသို့ လုံးဝလာရောက်ခြင်းမပြုရန်။

(၂) ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

(၃) အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(၄) ကျန်းမာရေးဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာအသိပေးချက်အား တိကျစွာလိုက်နာဆောင်ရွက်ရန်။

# လှိုင်ကော်မြို့ ဒေါနိုးကူးရပ်ကွက် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ဆရာမများကို ဆန်၊ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ကျောင်းသား၊ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၆**

ကယားပြည်နယ် လွိုင်ကော်မြို့ ဒေါနိုးကူးရပ်ကွက် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ဒွေးမယ်နော်ဆောင်၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာ၊ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ထို့နောက် တိုင်းမှူးက ဆန်၊ ဆီ၊ နှင့်စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ဆရာမများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောင်းသား၊ကျောင်းသူများ၏ ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုပြီး ကျောင်းသား၊ကျောင်းသူများအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်ခရိုင် ရွှေတောင်မြို့ပေါ်ရှိ ရပ်ကွက်များမှ ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဝတီမြစ်ရေမြင့်တက်ကာ ပြည်ခရိုင် ရွှေတောင်မြို့ပေါ်ရှိ ကြာနီကန်ရပ်ကွက်၊ ယွန်းတန်းရပ်ကွက်နှင့် သရက်တောရပ်ကွက်များအတွင်းသို့ မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသဖြင့် ဒေသခံပြည်သူများသည် ကြာနီကန်ရပ်ကွက် ရွှေမျက်မှန်ဘုရားဝင်းအတွင်းရှိမဏ္ဍပ်၌ ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက ကြာနီကန်ရပ်ကွက် ရွှေမျက်မှန်ဘုရားဝင်းအတွင်းရှိ မဏ္ဍပ်၌ သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ရေဘေးသင့်ပြည်သူအိမ်ထောင်စု ၁၃၆ စု လူဦးရေ ၅၃၀ တို့အတွက် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့လှူဒါန်းသည့် အလှူငွေများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့လှူဒါန်းသည့် အလှူငွေများကို ပေးအပ်စဉ်။

# တာချီလိတ်မြို့နယ်တွင် ငွေကျပ် သိန်း ၂၇၅၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိ



**နေပြည်တော် ဇူလိုင် ၁၆**

တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၂၇၅၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၅ ရက် ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ပန်ဟတ်ကျေးရွာအနီးတွင် အိုက်အဲန်ကျော က် မောင်းနှင်ပြီး အိုက်ခမ်းကွမ် လိုက်ပါလာသည့် MITSUBISHI OUTLANDER မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် အိုက်အဲန်ကျော က် ၂၇ နှစ်နှင့် အိုက်ခမ်းကွမ် ၂၀ နှစ်တို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဂန့်ဂေါမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ နှစ်ဦး သေဆုံးပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ







**နေပြည်တော် ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်တွင် ဇူလိုင် ၁၃ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် လာပို့ကျေးရွာမှ ပြည်သူ နှစ်ဦး သေဆုံးခဲ့ပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီတွင် လာပို့ကျေးရွာအနီး တစ်ဝိုက်တွင် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိစုဖွဲ့နေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ နယ်မြေခံတပ်ရင်းမှ လက်နက်ကြီးဖြင့် ပစ်ခတ်ချေမှုန်းခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်သေဆုံးခဲ့ရကြောင်း၊ ထိုသို့ အကြမ်းဖက်သမားများ ထိခိုက်သေဆုံးခဲ့ရသည့်အတွက် ည ၆ နာရီခွဲတွင် အဆိုပါ နယ်မြေခံတပ်ရင်းအား အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများ၊ ဒရုန်းများဖြင့် လာရောက်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားများ သေဆုံးခဲ့ရမှုကို ပြည်သူများထိခိုက်သေဆုံးခဲ့သည်ဟု သတင်းတု၊ သတင်းမှားများကို အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**(၅၀၁)**

# သံအမတ်ကြီး ဦးဝဏ္ဏဟန် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၁၇**

ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဝဏ္ဏဟန်သည် ၎င်း၏ ခန့်အပ်လွှာကို ဇူလိုင် ၁၅ ရက်က အစ္စလာမာဘတ်မြို့၌ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာအဇစ်အလီဇာဒါရီထံသို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တောင်ကြီးမြို့နယ်တွင် သစ်တောသစ်ပင်များမှ ရရှိနိုင်သော အကျိုးကျေးဇူးများအကြောင်း အသိပညာပေး ဆွေးနွေးခြင်းနှင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲပြုလုပ်

**တောင်ကြီး ဇူလိုင် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ သစ်တောသစ်ပင်များမှရရှိနိုင်သော အကျိုးကျေးဇူးများအကြောင်းကို အသိပညာပေးဆွေးနွေးခြင်းနှင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲပြုလုပ်ခြင်းကို ယနေ့ နံနက်ပိုင်းက တောင်ကြီးမြို့ ပလီလင်း အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်သည်။

ဈေးဦးစွာ တောင်ကြီးမြို့နယ် သစ်တောဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး သစ်တောသစ်ပင်များမှရရှိနိုင်သော အကျိုးကျေးဇူးများ၊ သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးတတ်စေရန်၊ သစ်တောနှင့်ရေဝေရေလဲဒေသများထိန်းသိမ်းရေး၊ အင်းလေးကန် ရေဝေရေလဲထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရေးတို့ကို အသိပညာပေးဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးမေးမြန်းခြင်းများ ပြုလုပ်ကြသည်။

ထို့နောက် ပလီလင်းအခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ချယ်ရီ၊ခါတော်မီ၊ မန်ကျည်းရှားစသည့် ပျိုးပင် ၃၀၀ ကို သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ၊ဆရာမ၊ ကျောင်းသားကျောင်းသူများ၊ ရပ်မိရပ်ဖများက တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**



☆ ကျောဖုံးမှအဆက်

ယင်းနေ့နံနက် ၁၀ နာရီခွဲတွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၄) မြို့ရှောင်လမ်း၌ မောင်ငယ်(ခ)ကျော်ကြီးအား ၁၈ ဘီးတွဲယာဉ်တစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၂၅ သန်းနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၁၆ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၂ သန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိစိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူရင်းသတ်ဖြတ်ခဲ့လို့ တိုင်းပြည်ဒုက္ခရောက်ခဲ့ရတဲ့ အတိတ်ကာလကို သင်ခန်းစာမယူနိုင်သေးသော အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ၁၇-၇-၂၀၂၄ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ဥပဒေမရှိ လက်နက်အားကိုးနဲ့ အာဏာပြဖိနှိပ် ခြိမ်းခြောက်လျက်ရှိတဲ့ အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တရုတ်နိုင်ငံ၏ အဓိကမြစ်ကြီး ခုနစ်စင်းတွင် ရေပမာဏ မြင့်တက်နေသောကြောင့် မြစ်ရေလျှံတက်မှုဖြင့် ရင်ဆိုင်ရဖွယ်ရှိ



**ပေကျင်း ဇူလိုင် ၁၆**

တရုတ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းနေမှုကြောင့် အဓိကမြစ်ကြီး ခုနစ်စင်းတွင် မြစ်ရေပမာဏ မြင့်တက်နေပြီး မကြာမီ မြစ်ရေလျှံတက်မှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း တရုတ်ရေထုအရင်းအမြစ်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါ မြစ် ခုနစ်စင်းအနီးပတ်ဝန်းကျင်တွင် နေထိုင်သော ဒေသခံများအနေဖြင့် ရေဘေးအန္တရာယ်ကို ရင်ဆိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် လိုအပ်နေကြောင်း တရုတ်ရေထုအရင်းအမြစ်ဝန်ကြီးဌာနက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

မြစ်ရေလျှံတက်မှုဖြစ်ပေါ်လာဖွယ်ရှိနေသည့်မြစ်များမှာ ဆောင်းဟွာမြစ်၊ လျောင်မြစ်၊ ဟိုင်ဟီမြစ်၊ မြစ်ဝါမြစ် အလယ်ပိုင်းနှင့် အောက်ပိုင်း၊ ဟွိုင်ဟီမြစ်၊ ယန်ဇီမြစ်အထက်ပိုင်းနှင့် ဟန်ကျန်းမြစ်တို့ဖြစ်ကြောင်း၊ ရေပမာဏမှာ ပုံမှန်ထက် ၂၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိ များနိုင်ဖွယ်ရှိနေကြောင်း တရုတ်ရေထုအရင်းအမြစ်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ယခုနှစ်အတွင်း တရုတ်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန် မြင့်တက်မှုများဖြစ်ပေါ်ခဲ့ပြီး အပူချိန်မြင့်တက်ခဲ့သော ဧရိယာများအတွင်း၌တည်ရှိသည့် မြစ်များတွင် မြစ်ရေပမာဏမြင့်တက်လာမည့်အခြေအနေဖြင့် ရင်ဆိုင်နေရခြင်းလည်းဖြစ်ကြောင်း သိရသည်။

သို့သော်လည်း ပုလဲမြစ်၊ မင်ကျန်းမြစ်တို့မှာ ရေပမာဏကျဆင်းလာဖွယ်ရှိနေပြီး ၎င်းမြစ်များတည်ရှိရာ ဧရိယာတွင် မိုးရွာသွန်းမှုမှာ ပုံမှန်ထက် ၂၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိ လျော့ကျဖွယ်ရှိနေကြောင်း တရုတ်ရေထုအရင်းအမြစ်ဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

**Ref: Xinhua News**
**Trs: Sai Sat**

# အစိမ်းရောင်စွမ်းအင်ကို တိုးမြှင့်နိုင်ရေး ကာဗွန်နယ်စပ်အခွန်ကင်းလွတ်ခွင့်ပြုရန် တောင်အာဖရိကနိုင်ငံသမ္မတ EU ကိုတိုက်တွန်း

**ပရီတိုးရီးယား ဇူလိုင် ၁၆**

အစိမ်းရောင်စွမ်းအင်ကိုတိုးမြှင့်နိုင်ရေး ကာဗွန်နယ်စပ်အခွန်ကင်းလွတ်ခွင့်ပြုရန် တောင်အာဖရိကနိုင်ငံ သမ္မတ ဥရောပသမဂ္ဂ (EU) ကို တိုက်တွန်းထားကြောင်း ဇူလိုင် ၁၅ ရက် သတင်းများအရ သိရသည်။

တောင်အာဖရိကနိုင်ငံ သမ္မတ ရာမာဖိုဆာသည် ချမ်းသာသော နိုင်ငံများမှ အဆိုပြုထားသော ကာဗွန်အခွန်အခများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အစိမ်းရောင်စွမ်းအင် ထုတ်လုပ်ရေးကို ထိခိုက်စေကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် ကျောက်မီးသွေးကို အဓိကမှီခိုနေရသည့် တောင်အာဖရိကနိုင်ငံ၏စီးပွားရေးမှာလည်း ကာဗွန်အခွန်ကြောင့် ထိခိုက်စေကြောင်း ပြောကြားခဲ့သည်။

"ဈေးပေါပေါနဲ့ရတဲ့ ကျောက်မီးသွေးကို နှစ်ပေါင်းများစွာ လျှပ်စစ်ထုတ်ဖို့ မှီခိုအားထားမှုက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေတာသိတဲ့အတွက် ကမ္ဘာကြီးကိုထိခိုက်မှုသက်သာစေဖို့ ဒီမှီခိုမှုကို သိသိသာသာ လျှော့ချဖို့လိုလာပါတယ်။ ဒါပေမဲ့ ကာဗွန်အခွန်အခတွေက အခက်အခဲဖြစ်စေပါတယ်။ ဥရောပသမဂ္ဂရဲ့ ကာဗွန်နယ်စပ်ထိန်းညှိမှုကိစ္စက ချမ်းသာတဲ့နိုင်ငံတွေအတွက် ပြဿနာ ကြီးကြီးမားမားမရှိပေမဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေကိုတော့ ထိခိုက်မှုတွေဖြစ်စေနိုင်တဲ့ အလားအလာရှိတယ်"ဟု တောင်အာဖရိကနိုင်ငံ သမ္မတ ရာမာဖိုဆာက ပြောကြားသွားခဲ့သည်။

**Ref : Sputnik News**
**Trs : KZ**

# တူကီယဲနိုင်ငံတွင် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ငလျင်လှုပ်ခတ်မှုအကြိမ်ရေ ၁၇၀၀၀ ကျော်ထိရှိခဲ့

**အင်ကာရာ ဇူလိုင် ၁၆**

တူကီယဲနိုင်ငံတွင် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်းဖြစ်ပေါ်ခဲ့သောငလျင်များနှင့် ပတ်သက်ပြီး စစ်တမ်းများ ကောက်ယူခဲ့ရာ ငလျင်လှုပ်ခတ်မှု အကြိမ်ရေ ၁၇၀၀၀ ကျော်ထိရှိခဲ့ကြောင်း ဂါဇီတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လှုပ်ခတ်ခဲ့သော ငလျင်များသည် ဆိပ်ကမ်းများအနီးတွင် အများဆုံးလှုပ်ခတ်ခဲ့ပြီး ငလျင်လှုပ်ခတ်မှုအကြိမ်ရေ အများဆုံးနှစ်တစ်နှစ် ဖြစ်လာနိုင်ကြောင်း၊ လှုပ်ခတ်ခဲ့သည့် ငလျင်အရေအတွက်ကြောင့် ကမ္ဘာ့ငလျင်လှုပ်ခတ်မှုနှုန်း အမြင့်မားဆုံးသောနိုင်ငံများစာရင်းတွင် ပါဝင်လာခဲ့ကြောင်း ဂါဇီတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဌာနမှ ပြောရေးဆိုခွင့်ရှိသူ အိုမန်းက ပြောကြားခဲ့သည်။

"၂၀၂၄ ခုနှစ်အတွင်း ဇန်နဝါရီ ၁ ရက်ကနေ ဇွန် ၃၀ ရက်အတွင်း တူကီယဲနိုင်ငံမှာ ငလျင်လှုပ်ခတ်မှုအကြိမ်ရေ ၁၇၀၀၀ ကျော်ထိရှိခဲ့ပါတယ်။ ၂၀၂၄ ခုနှစ်ဟာ ငလျင်လှုပ်ခတ်မှု အကြိမ်ရေအများဆုံး လှုပ်ခတ်တဲ့နှစ်တစ်နှစ်ဖြစ်လာနိုင်ပါတယ်"ဟု အိုမန်းက ပြောကြားခဲ့သည်။



မှတ်တမ်းများအရ လှုပ်ခတ်ခဲ့သောငလျင်များအနက် အန္တရာယ်ရှိသည့် ငလျင်လှုပ်ခတ်မှုအကြိမ်ရေ အနည်းငယ်သာရှိခဲ့ပြီး ငလျင်ပြင်းအား ၄ မဂ္ဂနီကျူနှင့် ၄ ဒသမ ၉ မဂ္ဂနီကျူရှိခဲ့သည့် ငလျင်လှုပ်ခတ်မှုပေါင်း ၉၄ ကြိမ်ရှိခဲ့ကြောင်း၊ ပြင်းအား ၅ မဂ္ဂနီကျူနှင့် ၅ ဒသမ ၉ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှုအကြိမ်ရေ ငါးကြိမ်ရှိခဲ့ကြောင်း၊ အခြားသော ငလျင်လှုပ်ခတ်မှုများမှာ ၄ မဂ္ဂနီကျူ အောက်သာရှိသည့် ငလျင်လှုပ်ခတ်မှုများသာဖြစ်ကြောင်း အိုမန်းက ပြောကြားသွားခဲ့သည်။

၂၀၂၄ ခုနှစ်အတွင်း လှုပ်ခတ်ခဲ့သော ငလျင်များအနက် ပြင်းအားအများဆုံး ငလျင်လှုပ်ခတ်မှုမှာ မေ ၁၈ ရက်က ဆူလူဆာရေနယ်မြေတွင် လှုပ်ခတ်ခဲ့သော ငလျင်ဖြစ်ပြီး လူနေအိမ်ပေါင်း ၂၀ ထိ ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုဖြင့် ရင်ဆိုင်ခဲ့ရသည်။

**Ref: Sputnik News**
**Trs: Sai Sat**

# တောင်ဆူဒန်နိုင်ငံတွင် ရေဘေးအန္တရာယ် ကာကွယ်ရေးအစီအစဉ်အတွက် အစိုးရက အမေရိကန်ဒေါ်လာ ၇၈ သန်းခွင့်ပြု

**ဂျူဘာ ဇူလိုင် ၁၆**

တောင်ဆူဒန်နိုင်ငံသည် နှစ်စဉ်နှစ်တိုင်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသဖြင့် ရေဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၇၈ သန်းသုံးစွဲခွင့် ပြုသွားမည်ဖြစ်ကြောင်း တောင်ဆူဒန်အစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေဘေးအန္တရာယ်ကာကွယ်ရေးစီမံကိန်းများကို တောင်ဆူဒန်လူသားချင်း စာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းစီမံကိန်းများကို ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်နိုင်ရန်စီစဉ်နေကြောင်း၊ ရေဘေးအန္တရာယ်ကာကွယ်ရေးစီမံကိန်းများ တည်ဆောက်သွားမည့် နေရာများကို အစိုးရအဖွဲ့က ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်ရလေ့ရှိသည့် ဧရိယာများကို ဦးစားပေးရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ် ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရလေ့ရှိတဲ့ ဧရိယာတွေကို သေသေချာချာစိစစ်ရွေးချယ်သွားမယ်။ ပြည်သူတွေ သဘာဝဘေးအန္တရာယ်နဲ့ရင်ဆိုင်ရမှုလျှော့ချနိုင်ဖို့ ရေဘေးအန္တရာယ်ကာကွယ်ရေး အတားအဆီးတွေ တည်ဆောက်သွားမဲ့စီမံကိန်းတွေအတွက် အစိုးရက ရန်ပုံငွေခွင့်ပြုပေးလိုက်ပါပြီ။ ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းမှာ စီမံကိန်းတွေကို စတင်နိုင်အောင် စီစဉ်သွားမယ်။ ထိရောက်တဲ့ကာကွယ်ရေးအစီအစဉ်တွေ ဖြစ်အောင်လဲ တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု တောင်ဆူဒန် ပြန်ကြားရေးဒုတိယဝန်ကြီး ဒေါက်တာ ဂျာကော့ဘ်မိုင်ဂျူက ပြောကြားခဲ့သည်။

တောင်ဆူဒန်အစိုးရက သဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူများ အသက်ဆုံးရှုံးနေရသည့်အခြေအနေကို တိုက်ဖျက်နိုင်ရေးအတွက် ရန်ပုံငွေအမြောက်အမြား သုံးစွဲသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး အစိုးရ၏မူဝါဒသည် ပြည်သူများ ဘေးကင်းရေးဖြစ်ကြောင်းလည်း တောင်ဆူဒန် ပြန်ကြားရေးဒုတိယဝန်ကြီး ဒေါက်တာ ဂျာကော့ဘ်မိုင်ဂျူက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များနှင့်ပတ်သက်သည့်စိုးရိမ်မှုများ တိုးလာသဖြင့် ပင်လယ်ရေနက်ပိုင်း ဓာတ်သတ္တုထုတ်ယူတူးဖော်ရေးဆိုင်ရာများညှိနှိုင်းရန် နိုင်ငံများစုဝေး

**ကင်းစတန်း ဇူလိုင် ၁၆**

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များနှင့်ပတ်သက်သည့် စိုးရိမ်မှုများ တိုးလာသဖြင့် ပင်လယ်ရေနက်ပိုင်း ဓာတ်သတ္တုထုတ်ယူတူးဖော်ရေးဆိုင်ရာများ ညှိနှိုင်းရန် ဇူလိုင် ၁၅ရက်က ဂျမေကာနိုင်ငံ၌ နိုင်ငံများစုဝေးခဲ့ကြကြောင်း ယနေ့သတင်းများအရ သိရသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များ ဖြစ်လာနိုင်သော်လည်း စီးပွားရေးအကျိုးအမြတ်များကြောင့် ကုမ္ပဏီများကို သမုဒ္ဒရာကြမ်းပြင်မှ ဓာတ်သတ္တုများထုတ်ယူခွင့်ပြုခြင်းနှင့်ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ပါးစေမည့် စည်းမျဉ်းသစ်များကို ထည့်သွင်းရန် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်အာဏာပိုင် (ISA) က နိုင်ငံပေါင်း ၂၇ နိုင်ငံနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်အကူးအပြောင်းအတွက် လိုအပ်သည့် ကိုဘော့နှင့် နီကယ်ကဲ့သို့သော ကုန်ကြမ်းပစ္စည်းများကို ပင်လယ်ရေနက်ပိုင်းမှ တူးဖော်ခြင်းသည် အဏ္ဏဝါဂေဟစနစ်များကို ပျက်စီးစေနိုင်ပြီး ရေနေသတ္တဝါများ၏ ရွှေ့ပြောင်းသွားလာမှုလမ်းကြောင်းများကို အနှောင့်အယှက်ဖြစ်စေနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများက ပြောကြားသွားခဲ့သည်။

**Ref : Xinhua News**
**Trs : KZ**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# မာနကိုယ်စီရှိကြသည်

ချင်းတောင်လတ်ပြုံး



(၁)

"ဟဲ့ ဟိုမှာ အရီးငွေစိန် လာနေပြီ။ မြန်မြန်လုပ်ဟဲ့"

"အေးပါဟဲ့။ ငါလဲ မြင်ပါတယ်"

မြေပဲခွဲနေသည့် မိညိုတို့ဝိုင်းနားသို့ အရီးငွေစိန် ရောက်လာသဖြင့် အေးလှနှင့်မိညိုတို့ မြေပဲတောင့်များကို ခပ်သွက်သွက်ခွဲနေကြသည်။ အရီးငွေစိန်က သည်ရွာမှာ လယ်ကြီးယာကြီးပိုင်သူ ဖြစ်သည်။

"ဟဲ့ ဟဲ့ မိညိုတို့ အေးလှတို့ လုပ်ကြနော်။ သူများ တစ်ပြည်ရရင် ကိုယ်က နှစ်ပြည်ရအောင်လုပ်မှ တော်ကာကျတာ။ ဒါမှမဟုတ်ရင်တော့ ညည်းတို့ လက်ကြောမတင်းဘူးလို့ အပြောခံရမယ်နော်။ လူတွေများ ခက်ပါတယ်။ အလုပ်လုပ်တာကိုင်တာ စေတနာမပါမှတော့ ဘယ်လိုများ ကြီးပွားတော့မလဲ။ ကိုယ်ပိုင်အလုပ်ဖြစ်ဖြစ်၊ အငှားဖြစ်ဖြစ် စေတနာပါရတယ်ကွဲ့။ အငှားအလုပ်ရတဲ့အခါ ကိုယ်ပိုင်အလုပ်လိုသဘောထားတော့ အလုပ်လည်းတွင်ကျယ် ပိုင်ရှင်လည်း စိတ်ချမ်းသာတာပေါ့။ ဟော ကိုယ်ပိုင်အလုပ်ကျတော့ ကိုယ်ပိုင်အခင်းဆိုပေမဲ့ အငှားလုပ်တဲ့သူလိုလုပ်ရတယ်။ သဘောကတော့ အချိန်မှန်မှန်နဲ့ လုံ့လစိုက်ရမယ်ပေါ့။ ဒါမှ ပြီးချိန်တန် ပြီးမှာပေါ့။ ဟုတ်တယ်မို့လား အေးလှ"

"ဟုတ် အရီးငွေစိန်"

"အေးအေး ညည်းတို့ အလုပ်ကိုကြိုးစားကြပါတယ်။ လုပ်ကြလုပ်ကြ"

အရီးငွေစိန် အိမ်ထောင်မကျမီက သူတို့ညီအစ်မ နှစ်ယောက်သည် ကိုင်းခုတ်ခေါ်း ကိုယ်စီထမ်းကာ ကိုင်းပင်များကို ခုတ်ရှင်း၍ စားတော်ပဲစိုက်သည်။ ထိုစဉ်က အင်ဒိုင်းကြီးနယ်တွင် မြေယာကို တန်ဖိုးမထားတတ်ကြသေးပေ။ မြေယာကို ချဲ့ချင်တိုင်းချဲ့နိုင်သော မြေများစွာရှိသည့် အရီးငွေစိန်တို့က မြေများကို အကျိုးရှိစွာအသုံးချတတ်ကြသည်။ ယခုဆိုလျှင် မြေဧက ၅၀ ကျော်ကို မြေပဲနှင့် စားတော်ပဲစိုက်သည်။ ကျန်လယ် ၃၂ ဧကမှာ စပါးစိုက်သည်။ ယခင်ညီအစ်မနှစ်ယောက်ရှိသော်လည်း အရီးငွေစိန် အိမ်ထောင်ကျ၍ မကြာမီပင် သူ့ညီမလေးမှာ ဆိုင်ကယ်တိုက်မိသောကြောင့် အသက်ဆုံးသွားလေသည်။

(၂)

"ဟဲ့ အေးလှ နင်ကဘာလို့ ဒီမှာမြေပဲခွဲချင်ရတာလဲ"

"ဘာလို့ရမလဲဟဲ့။ အရီးငွေစိန်အိမ်မှာ လယ်လုပ်နေတဲ့ ဟို ကိုကျော်မောင်နဲ့ ငါနဲ့က"

"သြော်. . . နင်တို့က ဒီလိုကို။ ကျော်မောင်က အလုပ်ကောင်းပါတယ်ဟဲ့။ နင့်ကိုတော့ ရှာကျွေးမဲ့ပုံပဲ။ အလုပ်ကတော့ စိတ်ချရတယ်တဲ့"

"အေးပေါ့။ ဒါကြောင့်လဲ အရီးငွေစိန်က သူ့ကိုပဲ နှစ်တိုင်း လယ်လုပ်ခိုင်းနေတာပဲ"

မိညိုနှင့်အေးလှတို့ စကားပြောနေစဉ် အရီးငွေစိန် ရောက်လာသည်။ အရီးငွေစိန်က မိညိုတို့ကို စကားမပြောဘဲ မျက်စောင်းထိုး၍ ကြည့်သွားသည်။ အလုပ်မလုပ်ဘဲ စကားများနေ၍ အမြင်မကြည်ဟန်တူသည်။

"ကိုကျော်မောင်ကိုကြိုက်လို့သာ ဒီမှာမြေပဲခွဲလာလုပ်ရတာ အရီးငွေစိန်ကိုနည်းနည်းမှ ကြည့်မရဘူး"

"ဘာလို့လဲဟဲ့"

"ဘာလို့လဲ ဟုတ်လား။ ပိုက်ဆံရှိတယ်ဆိုတော့ စကားကိုအထက်စီးကပြောပြီး မျက်နှာက ခပ်တည်တည်နေလို့လေ။ ကြည့်ပါလား။ သူများတကာတွေ ရယ်တာတောင် သူ့မှာ မရယ်နိုင်ရှာဘူး"

"မပြောပါနဲ့။ သူ့ဆီအလုပ်လုပ်နေရလို့ ငါတို့လဲ အဆင်ပြေတာပဲဟာ။ တစ်ယောက်နဲ့တစ်ယောက်က ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပေါ့"

"ကိုကျော်မောင်က ငါ့ကိုတွေ့ချင်လို့ဆိုလို့သာ လာလုပ်ရတာ။ ဒီလိုမဟုတ်ရင် ဒီအိမ်ကအလုပ်ဆို တစ်သက်လုံးမလုပ်ဘူး"

"တော်ပါတော့ အေးလှရယ်။ ဘေးလူကြားရင် ရှက်စရာ"

(၃)

ကိုကျော်မောင်နှင့် အေးလှတို့ မင်္ဂလာဆွမ်းကျွေးနှင့် အကျဉ်းရုံး၍ လက်ထပ်လိုက်ကြသည်။ လက်ထပ်ပြီး၍ အလုပ်အကိုင်ကို အရီးငွေစိန်အိမ်မှာ ကိုကျော်မောင်က လယ်လုပ်သည်။ မအေးလှက ကောက်စိုက် စပါးရိတ်လုပ်ကာ လင်မယားနှစ်ယောက် တက်ညီလက်ညီလုပ်ကြသည်။

"မိန်းမရေ အဘိုးလှအုန်းက ပြောတယ်။ သူတို့ လယ်ထဲက သုံးဧကကို အပိုင်သဘောမျိုးနဲ့ လုပ်ခိုင်းမယ်တဲ့။ မြေစုခပေးစရာမလိုဘူးတဲ့။ ကျန်တဲ့လယ်တွေကိုလဲ အစ်ကို့ကိုပဲ အငှားနဲ့ လုပ်ခိုင်းမယ်တဲ့"

"ဟုတ်လား။ ဒါဆို ကျွန်မတို့ စပါးတွေအများကြီး ရတော့မှာပေါ့နော်"

"ဒါပေါ့။ အငှားလုပ်တဲ့လယ်တွေကလဲ လုပ်ခရမယ်။ အစ်ကို့အတွက်ဆိုပြီး လုပ်ခိုင်းတဲ့ လယ်သုံးဧကကလဲ စပါးရမယ်ဆိုတော့ အများကြီးပေါ့"

"အဘိုးလှအုန်းကို ကျေးဇူးတင်လိုက်တာ။ အသက်ရှည်ကျန်းမာပြီး အနာရောဂါကင်းပါစေ။ အရီးငွေစိန်နဲ့တော့ ကွာတယ်နော်"

အရီးငွေစိန်ကိုတော့ မပြောပါနဲ့။ ကိုယ်လုပ်တဲ့လယ်တွေက သူတို့လယ်တွေလေ။ သူတို့ ထမင်းကျွေးလို့ စားရတာ။ သူတို့ချီးမြှင့်လို့ အစ်ကိုတို့လင်မယား မြင့်တာပေါ့"

"အိပ်မယ်ကွာ။ ညဉ့်နက်ပြီ"

"နေပါဦးကိုကိုရဲ့။ မိန်းမ ဘုရားရှိခိုးရအုံးမယ်"

မအေးလှက ဘုရားရှိခိုးသည်။ အခါတိုင်းနေ့တွေထက် ကြာကြာ ဘုရားကို အာရုံပြု လက်အုပ်ချီ၍ ရှိခိုးသည်ကို ကိုကျော်မောင်က ကြည့်နေသည်။

"မိန်းမ ဘာတွေဆုတောင်းနေတာလဲ။ ပါးစပ်ကလဲ ပွစိပွစိနဲ့ ရွတ်လို့"

"သြော်. . . မိန်းမတို့ရဲ့ကျေးဇူးရှင် အဘိုးလှအုန်း ကျန်းမာပါစေ ချမ်းသာပါစေလို့ဆုတောင်းပေးတာ"

"အရီးငွေစိန်ကော မပါဘူးလား"

"မပါဘူး"

"ဟား ဟား ဟား။ တော်တော်တတ်နိုင်တဲ့ ငါ့မိန်းမပါလား။ လာ အိပ်မယ်"

(၄)

"အေးလှ နင်တို့လင်မယားနှစ်ယောက်ကို ကြည့်ပြီး အားကျလိုက်တာ။ ငါ့ယောကျ်ား ဖိုးတုတ်နဲ့ကွာပါ့"

"ဒါကတော့ ငါက ကိုကျော်မောင်ကို ရွေးခဲ့တာကို။ နင်က ဖိုးတုတ်ကိုရွေးခဲ့တာလေ။ နင် မယူခင်တုန်းကတော့ ဖိုးတုတ်မှဖိုးတုတ်ဆို"

"အေးပါဟဲ့ ငါလဲ အခုမှတော့ ဘာတတ်နိုင်မှာလဲ။ အိမ်မှာဆို အချိန်ပြည့်မူးနေတာ။ ငါနဲ့မယူခင်တုန်းကတော့ မသောက်တတ်ဘူး ပြောတာပဲ"

"သြော်. . . မိညိုရယ် နင့်ကို သတိပေးသွားပဲဟယ်။ ယောကျ်ားတွေများ ရှေ့မှာတစ်မျိုး ကွယ်ရာမှာတစ်မျိုးပါအေ့"

"ဟုတ်တယ်။ ဟုတ်တယ်"

"ဟုတ်တယ်ဆိုပေမဲ့ အဲဒီထဲမှာ ငါ့ယောကျ်ား ကိုကျော်မောင်တော့ မပါဘူးဟဲ့"

"ကိုယ့်ငါးချဉ်ကိုချဉ်နေပြန်ပါပြီဟယ်။ ဟုတ်ပါတယ်။ နင်က ငါ့ထက် အိမ်ထောင်ရေး ကံကောင်းပါတယ်"

မိညိုနှင့် အေးလှတို့ စကားပြောနေစဉ် နေကာမျက်မှန်တပ်လျက်နှင့် အရီးငွေစိန်ကဘေးနားမှ လမ်းလျှောက်သွားလေသည်ကို မိညိုက မြင်လိုက်သည်။

"အရီးငွေစိန် ဘယ်သွားမလို့လဲ"

"ဟေ ငါ့ကိုခေါ်တာ ဘယ်သူလဲ"

"မိညိုပါ အရီးငွေစိန်ရဲ့ မမှတ်မိတော့ဘူးလား"

"သြော်. . . သိပြီ။ သိပြီ။ မတင်ရွှေရဲ့သမီးလား"

"ဟုတ်တယ်ရှင့်"

"အေး အေး။ နင့်အမေ နေကောင်းရဲ့လား။ ငါလဲ နင့်အမေဆီမရောက်တာကြာပြီ။ နောက်မှ လာလည်အုံးမယ်လို့ ပြောလိုက်ပါအုံး"

"ဟုတ်ကဲ့ အရီးငွေစိန်"

မအေးလှက အရီးငွေစိန်နှင့် မိညိုတို့ စကားပြောနေသည်ကို မကြားဟန်ပြု၍ တောင်လှည့်မြောက်လှည့်လုပ်နေလေသည်။

"အေးလှ။ နင်ကလည်း အရီးငွေစိန်ကိုတောင် နှုတ်ဆက်ဖော်မရပါလား"

"တော်ပါပြီ မိညိုရယ်။ ငါ့ကို မြင်တာတောင် အရီးက နှုတ်ဆက်တာမဟုတ်ဘူး။ ငါက ဘာလို့ ဖော်ရွေနေရမှာလဲ"

"နင်က လူငယ်ပဲ အေးလှရယ်။ အရီးက နှုတ်မဆက်လဲ နင်ကစပြီး နှုတ်ဆက်ပေါ့။ ငါ့လိုပေါ့ဟာ"

"တော်ပါပြီဟယ်။ ပိုက်ဆံရှိလို့ သူ့ကို ဖားတယ် ထင်နေဦးမယ်။ ငါတို့ ဆင်းရဲလို့ သူ့အိမ်မှာ လယ်လုပ်နေတယ်ဆိုပေမဲ့ မဖားတတ်ပါဘူး။ ပုံမှန်ပဲ နေတတ်ပါတယ်"

"ဒါနဲ့ ဦးလှအုန်းက ကိုကျော်မောင်ကို လယ်သုံးဧကမြေခမပေးဘဲ လုပ်ခိုင်းပြီး ရတဲ့စပါးကို နင်တို့ယူလို့ ပြောတယ်ဆို" "ဟုတ်တယ်။ ဦးလှအုန်းက ငါတို့ကို သနားလို့ ကူညီတာတဲ့" "ဝမ်းသာပါတယ် ဟယ်။ ဒါပေမဲ့ ဦးလှအုန်းက အရီးငွေစိန်ကို ကြောက်ရတယ်ဆိုလားပဲ။ သူ့လယ်သုံးဧကကို အရီးငွေစိန်ကြောင့် နင့်ယောကျ်ားကို. ." "ဟာ. . . မဖြစ်နိုင်တာအေ့" "မပြောတတ်ပါဘူး။ သွားတော့မယ်။ တော်ကြာ ငါ့ဖိုးတုတ်က တုတ်နဲ့ ကြိုနေဦးမယ်" "အေး. . အေး" မိညိုလဲ လမ်းမှာ အေးလှနှင့် စကားပြောကောင်းနေစဉ် သူ့ယောကျ်ား ဖိုးတုတ်ကို သတိရ၍ အိမ်ပြန်ပြေးရလေသည်။ အေးလှလဲ သူ့အိမ်ဘက်သို့ ပြန်သွားလေသည်။

(၅)

ထိုနှစ်က အေးလှတို့ စီးပွားတက်သည့်နှစ်ဟု ပြောရမည်ဖြစ်သည်။ အေးလှမှာ လွယ်ထားရသည့် ကိုယ်ဝန်ကလည်း မွေးလုနီးနီးဖြစ်နေသည်။ တစ်ခါတစ်ခါဗိုက်နာတတ်လေသည်။ ကိုကျော်မောင်ကလည်း သူ့နှမ်းခင်းအတွက် တောထဲတွင် ထယ်ထိုးနေချိန်ဖြစ်သည်။ ရွာထဲမှ မိညိုခင်ပွန်း ဖိုးတုတ်က အပြေးအလွှားနှင့် ကိုကျော်မောင်ဆီသို့ ပြေးလာသည်ကို ကိုကျော်မောင်က နွားရှဉ်းရပ်၍ ကြည့်နေသည်။

"အမောတကြီးနဲ့ဟာ။ ဘာအရေးကြီးလို့လဲ ကိုဖိုးတုတ်" "မင်းမိန်းမ ဗိုက်နာလို့ ဒီညနေပဲ ကလေးမြို့ဆေးရုံကို ခေါ်သွားကြပြီ" ကြားရသည့် သတင်းကြောင့် ကိုကျော်မောင် ဝမ်းနည်းပျော်ရွှင်စိတ်ဖြစ်လာသည်။ ဇနီးသည် မီးမဖွားနိုင်မည်ကို စိုးသည်က တစ်ကြောင်း၊ ကလေးချီရမည်ကို ဝမ်းသာသည်က တစ်ကြောင်းကြောင့် နွားရှဉ်းကို ဖြုတ်၍ ထမင်းမစား၊ ရေမချိုးဘဲ ကိုဖိုးတုတ်နှင့်အတူ လယ်တောမှ ကလေးမြို့ဆေးရုံဆီသို့ လာခဲ့ကြသည်။

"ကျွန်တော့်မိန်းမအခြေအနေ ဘယ်လိုရှိလဲဗျာ"

"တစ်နာရီပဲကြာတယ်ကွ။ မွေးတော့တာ။ ကလေးရော မင်းမိန်းမရော နေကောင်းပါတယ်။ မင်းမိန်းမက ဗိုက်နာတာကို မွေးမယ်မထင်လို့ဆိုပြီး အိမ်မှာ အကြာကြီးနေတာ။ ပြီးမှ လက်သည် ဒေါ်ပုမလာမှ မွေးမယ်မှန်းသိလို့ ဆေးရုံကို ပို့လိုက်တာ" ကိုကျော်မောင်က သူ့မိန်းမဆီကို ဝင်သွားကာ မိန်းမမျက်နှာနှင့် ကလေးကို မြင်ရသည့်အခါမှာ ကိုကျော်မောင်ရင်ထဲ စိတ်အေး၍ သက်ပြင်းကို "ဟင်း" ခနဲချမိတော့သည်။

# ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၅၃၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၅၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

ကလေးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၈၃၆၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၅၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ပဲတီစိမ်း ၈၃၆၈ ဧက စိုက်ပျိုးဖို့ အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၃၅၃၂ ဧက စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့ အထွက်နှုန်းကောင်းမွန်စေဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် မြို့နယ်အလိုက် ပဲတီစိမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၈၀၄ ဧက၊ ကလေးဝမြို့နယ်တွင် ၃၇၈ ဧက၊ မင်းကင်းမြို့နယ်တွင် ဧက ၂၃၅၀ စုစုပေါင်း ၃၅၃၂ ဧက ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၂၂၂၂ ဧက၊ ကလေးဝမြို့နယ်တွင် ၆၈၂ ဧက၊ မင်းကင်းမြို့နယ်တွင် ၅၄၆၄ ဧက စုစုပေါင်း ၈၃၆၈ ဧက ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ပဲတီစိမ်း စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရှိစေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှု အန္တရာယ်ကင်းရှင်းစေရေး၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်စေရေး အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ထံမှ သိရသည်။ (၂၀၆)

➤ **စာမျက်နှာ ၂၄ မှအဆက်**

**(၆)**

"ကိုကျော်မောင် ဒီသတင်းကျွတ်မှာ ဦးလှအုန်းအိမ်ကို သွားကန်တော့ရအောင်နော်" ကလေးပွေ့ကာ နို့တိုက်နေသည့်ဇနီးသည်၏ စကားကြောင့် ကိုကျော်မောင် နောက်လှည့်ကြည့်လိုက်သည်။ "အေးကွ ငါလဲ မင်းလိုပဲ စိတ်ကူးမိပါတယ်" လင်မယားနှစ်ယောက် စိတ်တူကိုယ်တူနေလာရာမှ တစ်ရက်ပြီး တစ်ရက်ကုန်လွန်လာခဲ့လေသည်။ သည်လိုနှင့် သီတင်းကျွတ်လပြည့်နေ့သို့ ရောက်လာခဲ့လေသည်။ မအေးလှနှင့် ကိုကျော်မောင်တို့ သူတို့သားလေးကို ချီ၍ အရီးငွေစိန်အိမ်သို့ ကန်တော့ရန် ပစ္စည်းများကို လက်က ဆွဲကာ ထွက်လာကြသည်။ "မြေးတို့ လာကြ။ လာကြ။ ကလေးလဲ ပါလာသကိုး။ ကလေးက ချစ်စရာကောင်းလိုက်တာ" "ဟုတ်ကဲ့ အရီး" အရီးငွေစိန်က ဖော်ရွေစွာခေါ်နေသော်လည်း မအေးလှက မပြုံးတပြုံးသာ မျက်နှာလုပ်နေသည်။ ဦးလှအုန်းအိမ် ဧည့်ခန်းထဲရောက်၍ စကားပြောနေစဉ် အရီးငွေစိန်က လက်ဖက်ရေနွေးကြမ်းတို့ဖြင့် ဧည့်ခံလေသည်။

"လက်ဖက်နဲ့ ရေနွေးကြမ်းသောက်ပါဦး။ မောင်ကျော်မောင်ရဲ့"

"ဟုတ်ကဲ့ အရီး"

မအေးလှ အရီးငွေစိန်ကို မကြည့်ဘဲ ဦးလှအုန်းဘက်သို့ လှည့်ကာ ဤသို့ အစချီ၍ ပြောလိုက်လေသည်။

"ကျွန်မတို့လင်မယား စီးပွားတက်လာတာ အဖိုးတို့ ကူညီမစလို့သာပေါ့။ ဒီလိုမဟုတ်ရင် ကျွန်မတို့ ခုချိန်ထိ သူများဆီမှာ အငှားအရမ်းဘဝနဲ့ ကျင်လည်ကြရမှာ။ ဒါကြောင့် အခုသီတင်းကျွတ်မှာ ကျေးဇူးဆပ်တဲ့အနေနဲ့ လာကန်တော့ကြတာ" မအေးလှစကားကြောင့် ဦးလှအုန်းက သူ့မိန်းမ အရီးငွေစိန်ဘက်သို့လှည့်ကြည့်ပြုံးပြကာ မအေးလှကို ဤသို့ ပြန်ပြောပြလေသည်။ "ငါ့တူမတို့ကို အဖိုးကူညီချင်တာကြာပါပြီ။ မောင်ကျော်မောင် အလုပ်ကြိုးစားပုံနဲ့ နင်တို့လင်မယား စီးပွားဖြစ်ကြမယ်ဆိုတာ ကြိုတွက်ထားပြီးသားပါ။ ငါလဲ မင်းတို့ကိုကူညီချင်ပေမဲ့ မင်းအရီးကြောက်ရတယ်။ ဒါပေမဲ့ မင်းအရီးကိုယ်တိုင်က လိုလိုချင်ချင်နဲ့ ငါ့ကိုလာပြောတော့ ငါလဲ မင်းတို့ကို ကူညီခွင့်ရတာပေါ့ကွာ။ တကယ့်ကျေးဇူးတင်ရမယ့်လူက မင်းတို့ အရီးဒေါ်ငွေစိန်ပါဗျာ။ မီးဖွားစရိတ်ကို တစ်ဝက်ထောက်ပံ့တာလဲ မင်းတို့အရီးပဲ။ မောင်ကျော်ကို လယ်သုံးဧကလုပ်ခိုင်းတာလဲ မင်းတို့အရီးပဲ။ ဒီနှစ်လဲ မြေပဲနှစ်ဧက လုပ်ခိုင်းဦးမယ်တဲ့ဗျာ" ထိုစကားကို မအေးလှကြားရသည့်အခါမှာ ရင်ထဲထိတ်ကနဲ ဖြစ်သွားသည်။ ဦးလှအုန်းက ဝမ်းသာအားရနှင့် ပြောနေသည်။ စကားပြောရသည်မှာ အနည်းငယ်မောသွားပုံရသည်။ ဦးလှအုန်းက ရေနွေးကြမ်းတစ်ခွက်ကို သောက်လိုက်သည်။ အရီးငွေစိန်မှာ ပြုံး၍သာနေတော့သည်။

"ပြီးတော့ မင်းတို့မွေးထားတာက ယောက်ျားလေးဆိုတော့ မင်းတို့ သားလေးကြီးလာရင် သူက အလှူဒါယိကာမခံမလို့ မင်းတို့ပြောရဦးမယ်တဲ့" "ဟုတ်ကဲ့ပါ။ ဦးလှအုန်း" ကြားရသည့်စကားကြောင့် မအေးလှက အရီးငွေစိန်အပေါ် အထင်လွဲမိသည်ကို စိတ်မကောင်းဖြစ်မိသည်။ နှုတ်က မပြောသော်လည်း ရင်ထဲမှ တောင်းပန်နေမိသည်။ သည်နှစ် သီတင်းကျွတ်မှာ အရီးငွေစိန်ကို မအေးလှ စိတ်ပါလက်ပါကန်တော့မိသည်။

"ဒါနဲ့များ အရီးငွေစိန်က ကျွန်မကို မိညိုနဲ့လမ်းမှာ တွေ့တုန်းက နှုတ်မဆက်ဘူးနော်-

ထိုအခါ အရီးငွေစိန်က မအေးလှကို ဤသို့ပြောလေသည်။ "အေးလှက အရီးအပေါ် အထင်လွဲနေတယ်ဆိုတာ ရိပ်မိပါတယ်။ မိညိုက အကုန်ပြောပြထားပါတယ်။ အေးလှနဲ့ မိညိုတို့နဲ့ လမ်းမှာတွေ့တုန်း မခေါ်ဘူးဆိုတာ အရီးမျက်စိကြိမ်းလို့ နေကာမျက်မှန်တပ်ထားတာဆိုတော့ သိပ်မသဲကွဲဘူး။ အဲဒါကြောင့် ဆေးဆရာ ဆရာကျားဆီကို မျက်စဉ်းသွားခပ်တာပါ" "ဟုတ်ကဲ့ပါ အရီးငွေစိန် ကျွန်မလဲ လူငယ်လဲဖြစ်ပြန် မရှိဆင်းရဲသားဆိုတော့ ငွေရှိကြေးရှိတွေနဲ့ ဖော်ဖော်ရွေရွေစကားပြောတာ လူမြင်ရင် ဖားသလိုဖြစ်မှာကြောင့်ပါ" "လူငယ်တိုင်းကတော့ ဒီလို မာနလေးတွေရှိတတ်ကြပါတယ်။ အရီးတို့ငယ်ငယ်ကလဲ ကိုယ့်ကို မခေါ်တဲ့သူဆိုရင် အရီးတို့ကလဲ မခေါ်ဘူးဆိုပြီး နေကြဖူးတယ်လေ။ ဒါပေမဲ့ အခုချိန်မှာတော့ ဒီမာနတွေဆိုတာ ဇရာနဲ့အတူ အိုဟောင်းနေပါပြီကွယ်။ ကဲ. . . ကဲ ကန်တော့ကြနော်။ မိုးချုပ်ရင် ကလေးကို ခြင်ကိုက်နေအုံးမယ်" "ဟုတ်ကဲ့ပါ အရီး"

ကိုကျော်မောင်က "ဟုတ်ကဲ့ပါ" ဟု ပြောသော်လည်း မအေးလှက ဤသို့ ပြောလေသည်။

"အရီးအပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံတို့နဲ့ ပြစ်မှားခဲ့တာရှိရင် လူငယ်တစ်ယောက်မို့ ခွင့်လွှတ်ပေးပါ အရီး"

"အေးကွယ်။ သာဓု သာဓု သာဓု ဘုန်းကြီးပါစေ။ အသက်ရှည်ပါစေ။ စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါစေကွယ်"

အရီးငွေစိန်နဲ့ မအေးလှတို့ တစ်ယောက်စိတ်ကိုတစ်ယောက်က နားလည်သဘောပေါက်သွားသောကြောင့် မအေးလှနှင့် အရီးငွေစိန်တင်မကဘဲ ကိုကျော်မောင်နှင့် ဦးလှအုန်းတို့ပါ စိတ်ချမ်းသာစွာပြုံးလျက်နေကြလေတော့သည်။

## ဟန်ချက်ညီညီ

\- တွဲလက်မြဲစွာ၊ ရပ်တည်ပါက
ဘာပဲလုပ်လုပ်၊ သရုပ်ပီပြင်
အောင်မြင်မှုများ ထပ်ဆင့်ပွား။

\- စိတ်ဓာတ်ခိုင်မာ၊ နိုးကြားပါလျှင်
ဘာပဲတွေ့တွေ့၊ ချောမွေ့လမ်းသင့်
သီးပွင့်မှုများ ထပ်ဆင့်ပွား။

\- တူညီသစွာ၊ ခိုင်မြဲပါစေ
ဘာပဲပြုပြု၊ အန်တုရှေ့ဆက်
တိုးတက်မှုများ ထပ်ဆင့်ပွား။

\- အတွေးခေါ်မှန်၊ သိမြင်မှန်ဖြင့်
ခံယူပွေ့ဖက်၊ ဦးတည်ချက်တွေ
ပုံပေါ်လေရန်၊ သက်ဝင်ရန်ကား
"ဟန်ချက်ညီစွာ၊ အားထုတ်ပါမှ"
ရည်ရာပန်းတိုင်၊ တက်လှမ်းနိုင်လိမ့်
မငိုင်မန္တွဲ့၊ မရွံ့မစောင်း
ပေါင်းစည်းကြိုးပမ်း အောင်ပွဲလှမ်းဖို့
မျှော်မှန်းနိုးကြား လမ်းကြောင်းဆီ
ကိုယ်စီယုံကြည် စွမ်းပြိုင်ညီ
"ညီညွတ်အား"လျှင် "စံ" ဖြစ်သည်။

**မောင်မောင်ထွန်း(ပန်းပျိုးအိမ်)**

# ဘားအံမြို့နယ် ကော့သာစူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဇူလိုင် ၁၆**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကော့သာစူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ကော့သာစူးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၇ ဦးကို မြစိမ်းရောင်စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

# လေဆာလက်နက်များ ထုတ်လုပ်ရန်ကြိုးပမ်းနေသော တောင်ကိုရီးယား




တောင်ကိုရီးယားနိုင်ငံသည် ခြိမ်းခြောက်မှုမြင့်တက်လာသော မြောက်ကိုရီးယား၏ ဒရုန်းများကို ကြားဖြတ်တိုက်ခိုက်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ်အတွင်း လေဆာလက်နက်များ ထုတ်လုပ်ရန်ကြိုးပမ်းနေသည့်အတွက် စစ်ဘက်တွင် ၎င်းလက်နက်များ အသုံးပြုမည့် ကမ္ဘာ့ပထမဆုံးနိုင်ငံဖြစ်လာတော့မည်ဖြစ်ကြောင်း တိုင်းပြည်၏ စစ်လက်နက်ပစ္စည်းများ ဝယ်ယူရေးအာဏာပိုင်အဖွဲ့ (DAPA)က ဇူလိုင်လ ၁၁ ရက်တွင် ပြောကြားသွားခဲ့သည်။

DAPA က တောင်ကိုရီးယားနိုင်ငံသည် ၎င်း၏ လေဆာအစီအစဉ်ကို ကြယ်တာရာစစ်ပွဲစီမံကိန်း "Star Wars Project" ဟုခေါ်ဆိုကြောင်း၊ ၎င်းစီမံကိန်းသည် မြောက်ကိုရီးယားမှ မောင်းသူမဲ့ယာဉ်(UAV)များ တိုးမြှင့်အသုံးပြုလာမှုကို တုံ့ပြန်ရာတွင် စစ်ဘက်စွမ်းဆောင်ရည်များ မြှင့်တင်သွားမည့် တောင်ကိုရီးယား၏ ကျယ်ပြန့်သော မဟာဗျူဟာ၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း၊ Block-I အဖြစ် သတ်မှတ်ထားသော လေဆာလက်နက်များကို ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ရှေ့တန်းစစ်မျက်နှာရှိ တပ်ဖွဲ့များ၌ တပ်ဆင်အသုံးပြုသွားမည်ဖြစ်ပြီး လာမည့်နှစ်များတွင်လည်း ဆက်လက် တပ်ဖြန့်ချထားသွားမည့် အစီအစဉ်များရှိကြောင်း DAPAက ထုတ်ပြန်ခဲ့သည်။

ထို့ပြင် တောင်ကိုရီးယားစစ်ဘက်ရှိ ဒရုန်းဖျက်လေဆာလက်နက်များကို Hanwha Aerospace နှင့် သုတေသနပြုတည်ဆောက်လျက်ရှိပြီး အမေရိကန်ဒေါ်လာ ၇၃ သန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ ၎င်းလက်နက်များသည် ထိရောက်မှုရှိသည့်အပြင် ဈေးနှုန်းလည်းချိုသာပြီး တစ်ကြိမ်ပစ်ခတ်လျှင် ဝမ် ၂၀၀၀ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၅)ခန့်သာ ကုန်ကျမည်ဖြစ်သော်လည်း တိတ်ဆိတ်ငြိမ်သက်မှုရှိပြီး လုပ်ဆောင်ချက်ကို မြင်တွေ့ရမည်မဟုတ်ကြောင်း DAPA က ထုတ်ပြန်ခဲ့သည်။

DAPAက မိမိတို့နိုင်ငံအနေဖြင့် လေဆာလက်နက်များဖြန့်ကြက်အသုံးပြုသွားမည့် ကမ္ဘာ့ပထမဆုံးနိုင်ငံဖြစ်လာတော့မည်ဖြစ်ကြောင်းနှင့် မြောက်ကိုရီးယားနိုင်ငံ၏ ဒရုန်းတိုက်ခိုက်မှုများအပေါ် မိမိတို့စစ်ဘက်၏ တုံ့ပြန်တိုက်ခိုက်နိုင်မှုစွမ်းဆောင်ရည်များသည် ပိုမိုတောင့်တင်းခိုင်မာလာတော့မည်ဖြစ်ကြောင်း၊ လေဆာလက်နက်များသည် အနာဂတ်တိုက်ပွဲများတွင် အဆုံးအဖြတ်ပေးသည့် လက်နက်အဖြစ် ရပ်တည်လာတော့မည်ဖြစ်ကြောင်း၊ လေဆာလက်နက်များသည် ပျံသန်းနေသောဒရုန်းများ၏ အင်ဂျင်နှင့် အခြားသော လျှပ်စစ်အစိတ်အပိုင်းများကို အလင်းရောင်ခြည်တန်းဖြင့် ၁၀ စက္ကန့်မှ စက္ကန့် ၂၀ အတွင်း လောင်ကျွမ်းမှုဖြစ်အောင် ပစ်ချသွားမည်ဖြစ်သည့်အတွက် ဒရုန်းများသည် စက်ချွတ်ယွင်းမှုဖြစ်ပေါ်ကာ ပျက်ကျမည်ဖြစ်သည်။

ဆိုရလျှင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း မြောက်ကိုရီးယားတို့၏ ဒရုန်းငါးစင်းသည် တောင်ကိုရီးယားနိုင်ငံ၏ ဝေဟင်ပိုင်နက်အတွင်းသို့ ဖြတ်ကျော်ပျံသန်းခဲ့သဖြင့် တောင်ကိုရီးယားအနေဖြင့် ဂျက်တိုက်လေယာဉ်များ၊ တိုက်ခိုက်ရေးရဟတ်ယာဉ်များဖြင့် ကြားဖြတ်ဟန့်တားရန်ကြိုးပမ်းခဲ့ရသည်။ ထိုသို့ ကြိုးပမ်းခဲ့သော်လည်း တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယား၏ ဒရုန်းများကို ပစ်ချနိုင်စွမ်းမရှိခဲ့သဖြင့် ထိရောက်သောတန်ပြန်အစီအမံများ လိုအပ်နေပြီဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။

အမှန်တော့ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင် Block-I စနစ်ကို အောင်မြင်စွာစမ်းသပ်မှုများသည် ၎င်းစနစ်၏ ထိရောက်မှုကို ပြသခဲ့သော်လည်း ကာကွယ်ရေးဆိုင်ရာကျွမ်းကျင်သူတချို့ကမူ တောင်ကိုရီးယားနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းဆောင်ရည်များ၏ အသင့်အနေအထားရှိမှုနှင့် ထိရောက်မှုတို့အပေါ် သံသယဝင်နေဆဲပင်ဖြစ်သည်။

မြောက်ကိုရီးယား ကာကွယ်ရေးကွန်ရက်အဖွဲ့မှ ဝေဖန်ရေးသမား လီအီလ်ဝူးကမူ တောင်ကိုရီးယား၏ ရေဒါစနစ်များသည် မြောက်ကိုရီးယား၏ ဒရုန်းများကို ထိရောက်စွာခြေရာခံနိုင်လောက်သည်ထိ တိုးတက်မှုမရှိသေးကြောင်း၊ ထို့ပြင် လေဆာလက်နက်များ၏ ပစ်ခတ်ရောက်ရှိနိုင်မှု အကွာအဝေးမှာလည်း ကန့်သတ်ချက်ရှိနိုင်သောကြောင့် ဒရုန်းများစွာကို တစ်ပြိုင်တည်းပစ်ချနိုင်ရေးအတွက် စွမ်းဆောင်ရည် ပိုမိုမြင့်မားသောလက်နက်များ လိုအပ်လျက်ရှိကြောင်း ထောက်ပြပြောဆိုသွားခဲ့သည်။

အလားတူ တောင်ကိုရီးယားအခြေစိုက် ကိုရီးယားကာကွယ်ရေးလေ့လာမှုဖိုရမ် အကြီးအကဲဖြစ်သူ ဂျွန်ချင်ဝုခ်ကလည်း တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံက အသုံးပြုသော ဒရုန်းများကို ပစ်ခတ်နိုင်သည့် လေဆာလက်နက်နည်းပညာ ပိုင်ဆိုင်နိုင်ရေးအတွက် ငါးနှစ်ခန့် ကြိုးပမ်းသွားရဖွယ်ရှိကြောင်း ထောက်ပြပြောဆိုသွားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် အဆိုပါစိန်ခေါ်မှုများရှိနေသော်လည်း ပဲ့ထိန်းဒုံးကျည်များကို ခြေရာခံနိုင်သည့် စွမ်းဆောင်ရည်ရှိသောစနစ်များ တိုးတက်လာသည်ထိ ၎င်း၏လေဆာနည်းပညာကို အဆင့်မြှင့်တင်တည်ဆောက်သွားရန် အခိုင်အမာဆုံးဖြတ်ထားရှိသည်။ အဆိုပါနည်းပညာ တိုးတက်လာမှုကို အနာဂတ်စစ်ပွဲများတွင် အဆုံးအဖြတ်ပေးမည့် လက်နက်များအဖြစ် ရှုမြင်ထားသောကြောင့် မြောက်ကိုရီးယားနိုင်ငံကိုဟန့်တားနိုင်သည့် ကာကွယ်ရေးစွမ်းဆောင်ရည် တည်ဆောက်သွားမည့် တောင်ကိုရီးယား၏ ခိုင်မာသောဆုံးဖြတ်ချက်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

အမှန်တော့ တောင်ကိုရီးယား၏ စစ်ဘက်နည်းပညာတွင် မဟာဗျူဟာမြောက် ဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်ခြင်းသည် ကိုရီးယားနှစ်နိုင်ငံကြား တင်းမာမှုများမြင့်တက်နေသည့်အချိန်တွင် ပေါ်ထွက်လာခြင်းဖြစ်ပေသည်။ မကြာသေးမီ အချိန်အတွင်းကပင် ကိုရီးယားနှစ်နိုင်ငံသည် နယ်စပ်ဒေသများ၌ စိတ်ဝမ်းကွဲပြားမှုကိုဖြစ်စေသော ဝါဒဖြန့်စာများ ချိတ်ဆွဲထားသည့် မိုးပျံပူဖောင်းများ အပြန်အလှန်လွှတ်တင်ခဲ့ကြသည်။ အဆိုပါတင်းမာမှုများသည် ဒေသတွင်းလုံခြုံရေး ဝန်းကျင်ရှုပ်ထွေးမှုကို မီးမောင်းထိုးပြသလျက်ရှိသဖြင့် တောင်ကိုရီးယားနိုင်ငံသည် ရေတို၊ရေရှည် စစ်ရေးစီမံကိန်းများနှင့် အသင့်ဖြစ်မှုတို့ကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

၁၉၅၀ ပြည့်နှစ်မှ ၁၉၅၃ ခုနှစ်ထိ ဖြစ်ပွားခဲ့သော ကိုရီးယားနှစ်နိုင်ငံစစ်ပွဲသည် ငြိမ်းချမ်းရေးစာချုပ်မဟုတ်ဘဲ စစ်ရပ်ဆိုင်းရေးစာချုပ်ဖြင့် အဆုံးသတ်ခဲ့ခြင်းဖြစ်ပြီး ကိုရီးယားနှစ်နိုင်ငံကြားတွင် စစ်မဲ့ဇုန်(DMZ)သတ်မှတ်ထားခဲ့သည်။ သို့သော် တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံစလုံးသည် နှစ်နိုင်ငံနယ်စပ်သို့ ဒရုန်းများ အပြန်အလှန်လွှတ်တင်ကာ စစ်ရပ်ဆိုင်းရေးစာချုပ်ကို ချိုးဖောက်လျက်ရှိကြသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ပြုလုပ်ခဲ့သည့် အရေးပါသည့် နိုင်ငံရေးအစည်းအဝေး၌ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ၂၀၂၄ ခုနှစ်တွင် တိုက်ခိုက်ရေးဒရုန်းများ အသုံးပြုခြင်းအပါအဝင် အမျိုးမျိုးသော မောင်းသူမဲ့တိုက်ခိုက်ရေးယာဉ်များကို အသုံးပြုသွားမည်ဖြစ်ကြောင်း အခိုင်အမာပြောဆိုသွားခဲ့သည်။ ကင်ဂျုံအန်သည် လုံခြုံရေးဆိုင်ရာအထိတ်တလန့်ဖြစ်စေရန်နှင့် တောင်ကိုရီးယားနိုင်ငံတွင် နိုင်ငံတွင်း စိတ်ဝမ်းကွဲပြားမှုဖြစ်စေရန်အတွက် ဒရုန်းများကို ဈေးနှုန်းချိုသာပြီး ထိရောက်မှုရှိသောနည်းလမ်းအဖြစ် သဘောထားလျက်ရှိကြောင်း ပြည်ပကျွမ်းကျင်ပညာရှင်များက ပြောဆိုလျက်ရှိသည်။

အမေရိကန် RAND ကော်ပိုရေးရှင်း၏အဆိုအရ တောင်ကိုရီးယား၊ တရုတ်နှင့် ဗြိတိန်အပါအဝင် နိုင်ငံများစွာသည် စွမ်းအင်လက်နက်ဟုလည်း

> ❖ တောင်ကိုရီးယား၏ စစ်ဘက်နည်းပညာတွင် မဟာဗျူဟာမြောက် ဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်ခြင်းသည် ကိုရီးယားနှစ်နိုင်ငံကြား တင်းမာမှုများ မြင့်တက်နေသည့်အချိန်တွင် ပေါ်ထွက်လာခြင်း ဖြစ်ပေသည်။ မကြာသေးမီ အချိန်အတွင်းကပင် ကိုရီးယားနှစ်နိုင်ငံသည် နယ်စပ်ဒေသများ၌ စိတ်ဝမ်းကွဲပြားမှုကိုဖြစ်စေသော ဝါဒဖြန့်စာများ ချိတ်ဆွဲထားသည့် မိုးပျံပူဖောင်းများ အပြန်အလှန်လွှတ်တင်ခဲ့ကြသည်။ အဆိုပါတင်းမာမှုများသည် ဒေသတွင်းလုံခြုံရေး ဝန်းကျင်ရှုပ်ထွေးမှုကို မီးမောင်းထိုးပြသလျက်ရှိသဖြင့် တောင်ကိုရီးယားနိုင်ငံသည် ရေတို၊ ရေရှည်စစ်ရေးစီမံကိန်းများနှင့် အသင့်ဖြစ်မှုတို့ကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ❖

လူသိများသည့် လေဆာလက်နက်များ သုတေသနပြုထုတ်လုပ်နိုင်ရန်နှင့် ဖြန့်ကြက်နိုင်ရန် အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိကြသည်ဟုဆိုသည်။ ၎င်းလက်နက်များသည် မောင်းသူမဲ့စနစ်များ၊ ဒုံးကျည်များနှင့် ဂြိုဟ်တုများကို ကြားဖြတ်ဟန့်တားရာတွင် အထောက်အကူပြုနိုင်မည့်အလားအလာရှိကြောင်း RAND က ထုတ်ပြန်ခဲ့သည်။

ဆိုရလျှင် မြောက်ကိုရီးယားနှင့်တောင်ကိုရီးယားတို့သည် ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့သည့် တောင်ကိုရီးယားသမ္မတမွန်ဂျေအင်း၏ သက်တမ်းငါးနှစ်ကာလတွင် ဆက်ဆံရေးတိုးတက်အောင်ကြိုးပမ်းခဲ့ကြသည်။ ၂၀၁၈ ခုနှစ်ဧပြီလတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် ၃၈ မျဉ်းပြိုင်တစ်လျှောက်ရှိ စစ်မဲ့ဇုန်၌ တွေ့ဆုံဆွေးနွေးနိုင်သည်ထိ သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့သည်။ ထိုစဉ်က ခေါင်းဆောင်နှစ်ဦးစလုံးသည် တစ်ဖက်နိုင်ငံသို့ အပြန်အလှန်ခြေချခဲ့ကြပြီး မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ကိုရီးယားနှစ်နိုင်ငံကို တစ်နိုင်ငံတည်းအဖြစ် ရှုမြင်ကြောင်းနှင့် ပြန်လည်ပေါင်းစည်းလိုသည့် ၎င်းတို့၏ပုဂ္ဂိုလ်ရေးဆန္ဒကို ထုတ်ဖော်ပြောဆိုခဲ့ကြောင်း၊ မွန်ဂျေအင်းအနေဖြင့်လည်း ပိုမိုပူးပေါင်းဆောင်ရွက်မှုအတွက် အလားတူ ထုတ်ဖော်ပြောကြားခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ သို့သော် မွန်ဂျေအင်းသည် နျူကလီးယားဖျက်သိမ်းရေးအတွက် ခိုင်မာသောကတိကဝတ်မရရှိဘဲ မြောက်ကိုရီးယားနိုင်ငံနှင့် ဆွေးနွေးမှုများလုပ်ဆောင်မှုအပေါ် ၎င်း၏ပြိုင်ဘက်များက အားနည်းချက်တစ်ခုအဖြစ် ထောက်ပြဝေဖန်ခြင်းကို ခံခဲ့ရသည်။

ထို့ကြောင့် သဘောထားတင်းမာသော တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုး လက်ထက်တွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတင်းမာလာခဲ့ပြီး မြောက်ကိုရီးယားနိုင်ငံသည် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်။ ထို့ပြင် ရုရှားနှင့်မြောက်ကိုရီးယားနိုင်ငံတို့ကြား ဆက်ဆံရေးတိုးတက်လာခြင်းသည်လည်း တောင်ကိုရီးယားအပါအဝင် အမေရိကန်နှင့် ၎င်း၏မဟာမိတ်များအပေါ် ခြိမ်းခြောက်မှုများ ထပ်မံဖြစ်ပေါ်လာစေခဲ့သည်။

ဆိုရလျှင် မြောက်ကိုရီးယားနိုင်ငံ၏ GDP ၂၅ ရာခိုင်နှုန်းခန့်ကို စစ်ဘက်ဆိုင်ရာ အသုံးစရိတ်များအတွက် သုံးစွဲနေသည်ဆိုသော ခန့်မှန်းတွက်ချက်မှုများရှိနေသည်။ မည်သို့ပင်ဆိုစေ ကင်ဂျုံအန်သည် ကိုရီးယားကျွန်းဆွယ်အရေးနှင့်စပ်လျဉ်း၍ ဖခင်နှင့်အဘိုးတို့၏ရပ်တည်ချက်ကို ပြောင်းလဲသွားလိုသည့် ဆန္ဒမရှိဘဲ ခိုင်မာပြတ်သားစွာ ဆုပ်ကိုင်ထားလျက်ရှိပေသည်။

လက်ရှိအချိန်တွင် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုမြင့်တက်လျက်ရှိသော တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယား၏ဒရုန်းများကို ဟန့်တားနိုင်ရေးအတွက် လေဆာလက်နက်များ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသော်လည်း ၎င်းလက်နက်များ အမှန်တကယ် မြောက်ကိုရီးယား၏ဒရုန်းများကို ဟန့်တားနိုင်မည်လား၊ မတားနိုင်မည်လားဆိုသောအချက်ကိုမူ စောင့်ကြည့်သွားရမည်ဖြစ်ပေသည်။

**Source :**


**(1) South Korea to deploy laser weapons to intercept North Korea drones by The Washington Post.**

**(2) South Korea to Deploy Laser Weapons Against North Korea Drones by Reuters.**

**(3) Why N Korea no longer wants to reunite with the South by Asia Times.**


ဝင်းဇင် (သုတေသန)

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင် (၁၃၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**








### ပျောက်ဆုံးကြောင်း

မိုင်းလုံမြို့၊ ကောင်းထိန်းကျေးရွာနေ နန်းကေသီခိုင် (ဘ) ဦးအိုက်ပေါင်း (၁၃/မလတ(နိုင်)၀၀၁၃၆၈)၏ နိုင်ငံကူးလက်မှတ် အမှတ်(MD-795402) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ **၀၉-၉၅၃၃၆၆၃၆၀**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမရပူရမြို့နယ်၊ ကျန်တန်းအုပ်စု၊ ပွဲတော်ရပ်နေ ဦးရွှေကို ၏သမီး **မယုယုမွန် (၉/ခမစ(နိုင်)၀၂၅၀၆၇)**သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ ၁၇-၇-၂၀၂၄ ရက်နေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ငွေရေးကြေးရေး ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးရွှေကို (၉/မရတ(နိုင်)၀၂၂၉၂၇)**

### အမည်မှန်

ကျောက်ဆည်မြို့နယ်၊ ယူနတီကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-2 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးစိုးညွန့်ထွေး ၏သား မောင်ဝသုန်စိုးလေး ၏အမည်အား အမည်မှန် မောင်ဉာဏ်လကျ်ာဘုန်း ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဉာဏ်လကျ်ာဘုန်း**

### ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-သံရွာကျောင်းမှ Grade-9 တန်းတွင် ပညာသင်ကြားနေသော မောင်ထက်ဝေအောင် ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးဝင်း ဖြစ်ပါကြောင်း။

**ဦးစိုးဝင်း (၉/ကဆန(နိုင်)၁၄၇၈၃၁)**

"အဂတိပယ်ခွာ ပြည်သာယာ"

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ ပညာသည် ဖွံ့ဖြိုးတိုးတက်မှု၏ အရင်းခံဖြစ်သည့်အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေးသည် အရေးကြီး...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ပြုလုပ်သော (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ၁၆ ဒသမ ၈ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၂ သန်း ဖမ်းဆီးရမိ



**နေပြည်တော် ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ၁၆ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၂ သန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၄ ရက် နံနက် ၆ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအနီးတွင် နောင်ချိုမှ မန္တလေးသို့ မင်းဇော်မောင်းနှင်ပြီး မင်းကို လိုက်ပါသည့် ၂၂ ဘီးတွဲယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၉၅ သန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

## တိုးမြစ်ရေ မအူပင်မြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၆**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ကျော်ခန့်(၂၁ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သဖြင့် မအူပင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇူလိုင် ၁၆**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဇူလိုင် ၁၈ ရက်၌ လေဖိအားနည်းရပ်ဝန်း (Low Pressure Area)တစ်ခုဖြစ်ပေါ်နိုင်သည်ဟုခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

## ထူးခြားသည့် နေ့အပူချိန်များ (၁၆-၇-၂၀၂၄)

| | |
|---|---|
| **မန္တလေး** | **မြင်းမူ** |
| ၃၈ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် | ၃၇ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| **စစ်ကိုင်း** | **တံတားဦး** |
| ၃၈ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ် | ၃၇ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| **ရွှေဘို** | **ကျောက်ဆည်** |
| ၃၈ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| **မုံရွာ** | **မကွေး** |
| ၃၇ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် | ၃၆ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ် |

၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ စာမျက်နှာ - ၁၉

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များ ယှဉ်ပြိုင်ကစား စာမျက်နှာ - ၉


ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)



ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)



ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR

FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com